# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၁ ခုနှစ်၊ နတ်တော်လဆန်း ၅ ရက်၊ ၂၀၀၉ ခုနှစ်၊ နိုဝင်ဘာ ၂၁ ရက်၊ စနေနေ့၊ အတွဲ(၄၉)၊ အမှတ်(၅၂)

### နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာထောင်လွန်းဆီဆုလစ်အား နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ ရင်းရင်းနှီးနှီးတွေ့ဆုံစဉ်။** (သတင်းစဉ်)

# နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး

## လာအိုနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီးအား လက်ခံတွေ့ဆုံ

နေပြည်တော် နိုဝင်ဘာ ၂၀

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာထောင်လွန်းဆီဆုလစ် ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၀နာရီတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ လက်ခံတွေ့ဆုံသည်။ **(အောက်ပုံ)**

### လက်ခံတွေ့ဆုံ

ထိုသို့ လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်အတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းနှင့် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာတို့ တက်ရောက်ကြပြီး လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာထောင်လွန်းဆီဆုလစ် ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Kouily A.SOUPHAKHET လည်း တက်ရောက်သည်။ **(သတင်းစဉ်)**

# အယ်ဒီတာ့ အာဘော်

(၂၀၀၉ ခုနှစ် နိုဝင်ဘာ ၂၁ ရက်)

## ကျန်းမာရေးစောင့်ရှောက်မှုများ အသိစိတ်ဓာတ်ရှိရှိဖြင့် ဆောင်ရွက် ဆီးချို သွေးချိုရောဂါကာကွယ်ရေး လက်တွဲပါဝင်

ကျန်းမာကြံ့ခိုင် အသက်ရှည်ရေးသည် လူတိုင်း ဂရုပြုလိုက်နာကြရမည့် အချက်ဖြစ်သည်။ တိုင်းရင်းသားပြည်သူများက ကျန်းမာရေးဆိုင်ရာ အသိပညာပေးမှုနှင့်အညီ စနစ်တကျ နေထိုင်စားသောက်ကြခြင်းဖြင့် သက်ရှည်ကျန်းမာကြမည်ဖြစ်သည်။

နိုင်ငံတော်အစိုးရသည် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး ရည်မှန်းချက်ကို ဖော်ဆောင်လျက်ရှိပြီး လူတိုင်း ကျန်းမာကြံ့ခိုင်ကာ အသက်ရှည်ရောဂါကင်းဝေးသည့် ပျော်ရွှင်သည့် မိသားစုဘဝများရရှိစေရန် ဆောင်ကြဉ်းပေးလျက်ရှိသည်။

မျက်မှောက်ကမ္ဘာတွင် ဆီးချို၊ သွေးချိုရောဂါ အဖြစ်များလာသည့်အတွက် ကမ္ဘာ့ဆီးချို၊ သွေးချိုရောဂါ ကာကွယ်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်သတ်မှတ်ပြီး ရောဂါကျဆင်းရေးအတွက် ဆောင်ရွက်လာကြသည်။

ဆီးချို၊ သွေးချိုရောဂါသည် ပြည်သူ့ကျန်းမာရေး ပြဿနာကြီးတစ်ရပ်ဖြစ်လာ၍ ပညာပေးခြင်းနှင့် ကာကွယ်ကုသခြင်း လုပ်ငန်းများကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆောင်ရွက်လျက်ရှိပြီး NCD ခေါ် မကူးစက်တတ်သည့် သွေးတိုး၊ ဆီးချို၊ သွေးချိုရောဂါများကို ဘဝလမ်းတစ်လျှောက် ချဉ်းကပ်မှုပုံစံဖြင့် လူ့ဘဝသက်တမ်းတစ်လျှောက် လူတိုင်းကျန်းမာသော လူမှုဘဝရရှိရန် ပညာပေးဆောင်ရွက်ကြရမည်ဖြစ်သည်။

လူတိုင်းသည် ကျန်းမာရေးနှင့်ညီညွတ်သည့် အစားအသောက်များ ရွေးချယ်စားသောက်၍ အဆီ၊ အငန်၊ အချို လျှော့စားခြင်း၊ ဟင်းသီးဟင်းရွက်များ ပိုမိုစားသုံးခြင်းများ ပြုလုပ်ကြရမည်ဖြစ်သည်။ ကိုယ်လက်လှုပ်ရှားမှု ပုံမှန်ပြုလုပ်ခြင်းဖြင့် နှလုံးသွေးကြောကျဉ်းရောဂါ၊ သွေးတိုးရောဂါနှင့် ဆီးချိုရောဂါများကို ကြိုတင်ကာကွယ် တားဆီးနိုင်သည်။

ဆီးချို၊ သွေးချိုရောဂါရှင်များသည် သင့်လျော်သော အစားအစာများကို စားသုံးခြင်းဖြင့် သွေးချိုထိန်းသိမ်းမှုကို များစွာအထောက်အကူပြုနိုင်မည်ဖြစ်ပြီး နောက်ဆက်တွဲရောဂါများ ဖြစ်ပေါ်လာမှုကို များစွာကာကွယ်နိုင်မည်ဖြစ်သည်။ ယင်းသို့နေထိုင်ခြင်းဖြင့် သက်တမ်းရှည်စွာ နေထိုင်နိုင်ရုံသာမကဘဲ အသက်ရှင်သန် နေထိုင်စဉ်ကာလအတွင်း ဝေဒနာနည်းစွာခံစားကြရပြီး ပကတိလူကောင်းနီးပါး နေထိုင်နိုင်ကြမည်ဖြစ်သည်။

သို့ဖြစ်ပေရာ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီးကို တည်ဆောက်ရာတွင် တိုင်းရင်းသားပြည်သူများသည် ကျန်းမာကြံ့ခိုင်မှုရှိစေရန် ရောဂါတားဆီးကာကွယ်ရေး လုပ်ငန်းအဝဝတွင် ကျန်းမာရေးအသိစိတ်ဓာတ်ရှိရှိ လက်တွဲပါဝင်သွားကြရမည် ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ကြည့်မြင်တိုင်မြို့နယ် အလက(၄)မှ ကျောင်းသား ကျောင်းသူဟောင်းများဖြစ်သည့် ဦးခင်မောင်ထွန်း-ဒေါ်ကြူကြူသင်းတို့၏သမီး၊ မမီနုနုထွန်း (ခေတ္တ-ဩစတြေးလျ)၊ သား မောင်စိုးရထွန်းတို့က ငွေကျပ်လေးသိန်းတန်ဖိုးရှိ ကွန်ပျူတာ တစ်လုံး လှူဒါန်းပွဲကို နိုဝင်ဘာ ၁၃ရက်က ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ထွေးရင်က လက်ခံယူစဉ်။ (ပညာရေး)

## မြဝတီရုပ်မြင်သံကြား

၂၁-၁၁-၂၀၀၉ (စနေနေ့)

**နံနက်ပိုင်း**

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ တရားတော်
၇:၁၀ ၃။ ဓမ္မပူဇာတေး
၇:၂၀ ၄။ မျိုးချစ်တပ်မတော်
၇:၂၅ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၆။ မြန်မာသံစဉ်ချိုနှားဝင်
၇:၄၅ ၇။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇:၅၀ ၈။ သာယာသီကြွေးခေတ်ဆန်းတေး
၇:၅၅ ၉။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ

**နေ့လယ်ပိုင်း**

၁၁:၀၀ ၁။ မြဝတီအဖွင့်
၁၁:၀၅ ၂။ အဖွင့်သီချင်း
၁၁:၁၀ ၃။ မျိုးချစ်တပ်မတော်
၁၁:၂၅ ၄။ ကာတွန်းအစီအစဉ် **ကျွန်တော်နှင့်ဘဲရုပ်ဆိုး** (အပိုင်း-၂၅)
၁၂:၀၀ ၅။ မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် **ဝိုင်တစ်ခွက်နှင့်မနှင်းဆီ** လွင်မိုး၊ နန္ဒာလှိုင် (ဒါရိုက်တာ-မောင်သီ)
၁၃:၅၅ ၆။ သာယာသီကြွေးခေတ်ဆန်းတေး
၁၄:၀၀ ၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **အချစ်ရဲ့ဆွဲအား** (အပိုင်း-၄၃)

**ညပိုင်း**

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ ချစ်သူစုံတွဲတူယှဉ်နွှဲ
၄:၂၀ ၄။ မြန်မာသံစဉ်ချိုနှားဝင်
၄:၃၀ ၅။ မျိုးချစ်တပ်မတော်
၄:၃၅ ၆။ အမျိုးသားရေးတေးကဗျာ
၅:၀၀ ၇။ သာယာသီကြွေးခေတ်ဆန်းတေး
၅:၄၀ ၈။ ပျော်ရွှင်စရာသရုပ်ဆောင်ကမ္ဘာ
၆:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၂၀ ၁၀။ အမျိုးသားရေးတေးကဗျာ
၆:၂၅ ၁၁။ လျှပ်တစ်ပြက်
၆:၃၀ ၁၂။ စားဖိုဆောင်ချစ်သူ
၆:၄၅ ၁၃။ ထူးခြားဆန်းပြားကမ္ဘာတစ်လွှား
၇:၀၀ ၁၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မှူခင်းရဲ** (အပိုင်း-၁၂)
၈:၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
၁၆။ နိုင်ငံတကာသတင်း
၁၇။ မိုးလေဝသသတင်း
၁၈။ အမျိုးသားရေးတေးကဗျာ
၁၉။ လူရွှင်တော်စတား
၂၀။ အင်္ဂလိပ်စာသုတ (English Usage)
၂၁။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **အရဏ်ဦးအချစ်** (အပိုင်း-၄)

## ရန်ကုန်အလုပ်သမားဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများ စက်ဘီးစက်ရုံ(ရန်ကုန်)၌ ကျန်းမာရေးစောင့်ရှောက်မှုဆောင်ရွက်

ရန်ကုန် နိုဝင်ဘာ ၂၀

အလုပ်သမားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့ပိုင် ရန်ကုန်မြို့ တာမွေမြို့နယ် ရန်ကုန်အလုပ်သမားဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်ခိုင်ချိုမြင့် ဦးဆောင်သော အထူးကုဆရာဝန်ကြီးများအဖွဲ့သည် နိုဝင်ဘာ၁၉ရက်က အမှတ်(၁)စက်မှုဝန်ကြီးဌာန လက်အောက်ရှိ စက်ဘီးစက်ရုံ(ရန်ကုန်) မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ လူမှုဖူလုံရေးအာမခံအလုပ်သမား၂၀၄ဦးတို့အား စက်ရုံအရောက် ကွင်းဆင်း၍ ရောဂါရှာဖွေကုသခြင်း၊ အခမဲ့ဆေးကုသခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးကာ မေးခိုင်ကာကွယ်ဆေးများထိုးနှံပေးပြီး ကျန်းမာရေးပညာပေးဟောပြောမှုများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ) (မြန်မာ့အလင်း)

## ချင်းပြည်နယ် စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ အသက်(၇၅)နှစ် စစ်မှုထမ်းဟောင်းများ ထောက်ပံ့ငွေပေးအပ်

*ဟားခါး နိုဝင်ဘာ ၂၀*

*ချင်းပြည်နယ် စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ အသက် (၇၅)နှစ် စစ်မှုထမ်းဟောင်းများအား ထောက်ပံ့ငွေပေးအပ်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၁၇ရက် နံနက် ၁၁ နာရီက ချင်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။*

***ထောက်ပံ့ငွေပေးအပ်***

*ရှေးဦးစွာ ချင်းပြည်နယ်စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး ဦးမြင့်သိန်းက အဖွင့်အမှာစကားပြောကြားပြီး ပြည်နယ်ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဟုန်ငိုင်းက ထောက်ပံ့ငွေအား တီးတိန်၊ မတူပီမြို့နယ်အမှုဆောင် ဦးသွမ်ဟရဲထံလည်းကောင်း၊ အတွင်းရေးမှူး ဦးမြင့်သိန်းက တွန်းဇန်၊ ထန်တလန်မြို့နယ်ဥက္ကဋ္ဌ ဦးဟရဲမန်းထံလည်းကောင်း၊ တွဲဖက်အတွင်းရေးမှူး ဦးမျိုးအောင်က ဟားခါး၊ ဖလမ်းမြို့နယ်ဥက္ကဋ္ဌ ဦးထပ်ကုန်းထံလည်းကောင်း ထောက်ပံ့ငွေကျပ်နှစ်သောင်းစီပေးအပ်သည်။*

*(ပြည်နယ် ပြန်/ဆက်)*

## ဇလမင်းထင်ဂေါက်ကလပ်၌ တစ်ချက်တည်းကျင်းဝင်

ဇန်းမော် နိုဝင်ဘာ ၂၀

ဇန်းမော်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်မောင်ဦးသည် ကစားဖော်များဖြစ်သော ဦးထွန်းဝင်း (အကျဉ်းဦးစီးဌာန)၊ ဦးစိန်ဝင်း၊ ဦးတူးမိုင်တို့နှင့်အတူ နိုဝင်ဘာ ၄ ရက် ညနေပိုင်းက ဇန်းမော်မြို့ ဇလမင်းထင်ဂေါက်ကလပ်၌ ဂေါက်သီးရိုက်ကစားစဉ် Reygrande No.1 ဘောလုံးကို Taylor Made Iron No.5 သံတုတ်ဖြင့်ရိုက်ရာ ၁၄၇ကိုက် အကွာအဝေးရှိသော အမှတ်(၈)ကျင်းသို့ တစ်ချက်တည်း ကျင်းဝင်သွားခဲ့ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

## ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ပြန်/ဆက်ဦးစီးဌာန စာငှားစနစ် ချမှတ်ဆောင်ရွက်ရေး ဆွေးနွေး

ရန်ကုန် နိုဝင်ဘာ ၂၀

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်အတွင်းရှိ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ရှင်သန်ခိုင်မာရေး၊ စာအုပ်စာစောင်တိုးပွားရေးအတွက် စာငှားစနစ် ချမှတ်ဆောင်ရွက်ရေး ဆွေးနွေးပွဲကို နိုဝင်ဘာ ၁၃ရက် နံနက် ၁၀နာရီက မြို့နယ်ရုံးစာကြည့်တိုက်ခန်းမ၌ ကျင်းပသည်။

**ဆွေးနွေး**

အဆိုပါဆွေးနွေးပွဲတွင် မြို့နယ်ဦးစီးမှူး ဒေါ်လှလှဌေးက စာငှားစနစ် ချမှတ်ကျင့်သုံးရေးလုပ်ငန်း အသေးစိတ်ကိုဆွေးနွေးပြီး **(အောက်ပုံ)** စာကြည့်တိုက်လက်ထောက်(၃) ဒေါ်နန်းတင်မေက စာအုပ်တိုက်ပိုင်ရေးသွင်းနည်း၊ ပညာရပ်ခွဲနည်းများကို လက်တွေ့သရုပ်ပြ ရှင်းလင်းခဲ့ရာ တက်ရောက်လာသူ ရပ်ကွက်စာကြည့်တိုက်ကော်မတီဝင်များက သိလိုသည်များ မေးမြန်းဆွေးနွေးကြသည်။

(မြို့နယ် ပြန်/ဆက်)

## စာအုပ်စာပေ လူ့မိတ်ဆွေ

■ *ကျောဖုံးမှ*

## တက်ရောက်

ထိုသို့ လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းနှင့် ဌာနဆိုင်ရာ အကြီးအကဲများ တက်ရောက်ကြပြီး ဧည့်သည်တော် လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာထောင်လွန်းဆီဆုလစ် ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Kouily A. SOUPHAKHET တို့ တက်ရောက်ကြသည်။

တွေ့ဆုံပွဲအပြီးတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံတို့အကြား နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို အစိုးရအဖွဲ့ရုံးဧည့်ခန်းမ၌ ဆက်လက်ကျင်းပသည်။

## အပြန်အလှန်လဲလှယ်

ရှေးဦးစွာ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာထောင်လွန်းဆီဆုလစ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းတို့သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံတို့အကြား သာမန်နိုင်ငံကူးလက်မှတ် ကိုင်ဆောင်သူများ ဗီဇာကင်းလွတ်ခွင့်ပြုရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ (Agreement between the Government of the Union of Myanmar and the Government of the Lao People's Democratic Republic on Exemption of Visa for Holder of Ordinary Passport) ကို လက်မှတ်ရေးထိုးကြပြီး အပြန်အလှန်လဲလှယ်ကြသည်။

## လက်မှတ်ရေးထိုး

ထို့နောက် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာထောင်လွန်းဆီဆုလစ်နှင့် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းတို့သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် လာအိုပြည်သူ့ ဒီမိုကရက်တစ် သမ္မတနိုင်ငံတို့အကြား အခွန်နှစ်ထပ်ပေးဆောင်မှု ရှောင်ရှားရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ (Agreement between the Government of the Union of Myanmar and the Government of the Lao People's Democratic Republic for the Avoidance of double Taxation and the Prevention of Fiscal Evasion with respect to Taxes on Income) ကို လက်မှတ်ရေးထိုးကြပြီး အပြန်အလှန် လဲလှယ်ကြသည်။ **(သတင်းစဉ်)**

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံတို့အကြား သာမန်နိုင်ငံကူးလက်မှတ် ကိုင်ဆောင်သူများ ဗီဇာကင်းလွတ်ခွင့်ပြုရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲသို့ တက်ရောက်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံတို့အကြား အခွန်နှစ်ထပ်ပေးဆောင်မှု ရှောင်ရှားရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲသို့ တက်ရောက်စဉ်။ (သတင်းစဉ်)

# ရခိုင်သဟာယအသင်း (ရန်ကုန်) တက္ကသိုလ်ပညာသင်ထောက်ပံ့ဆု လျှောက်ထားနိုင်

*ရန်ကုန် နိုဝင်ဘာ ၂၀*

*ရခိုင်သဟာယအသင်း (ရန်ကုန်)သည် တက္ကသိုလ်ပညာသင်ကြားရန် အခက်အခဲရှိသည့် ကျောင်းသား ကျောင်းသူများအား တက္ကသိုလ်ပညာသင်ထောက်ပံ့ဆုများကို စိစစ်ရွေးချယ်၍ နှစ်စဉ်ချီးမြှင့်လျက်ရှိရာ ၂၀၀၉-၂၀၁၀ ပညာသင်နှစ်အတွက် တက္ကသိုလ်ပညာသင်ထောက်ပံ့ဆုများ စိစစ်ရွေးချယ်ချီးမြှင့်နိုင်ရန် ရခိုင်သဟာယအသင်း(ရန်ကုန်) တက္ကသိုလ်ပညာသင်ထောက်ပံ့ဆု လျှောက်လွှာပုံစံများဖြင့် လျှောက်ထားနိုင်ကြောင်း သိရသည်။*

## *ဆက်သွယ်လျှောက်ထားနိုင်*

*လျှောက်လွှာပုံစံများကို မိမိတို့နေထိုင်ရာ ရခိုင်ပြည်နယ် မြို့နယ်များရှိ မြို့နယ်ပညာရေးမှူးရုံးများ၊ ရခိုင်သဟာယအသင်း (ရန်ကုန်)၏ မြို့နယ်ကိုယ်စားလှယ်များနှင့် အမှတ်၁၁၅ ပထမထပ်(ယာ) သမိန်ဗရမ်းလမ်း တာမွေမြို့နယ် ရန်ကုန်မြို့ရှိ ရခိုင်သဟာယအသင်း(ရန်ကုန်) ရုံးခန်းတို့၌ ရယူနိုင်ပြီး အချက်အလက်များ ပြည့်စုံစွာရေးသားဖြည့်သွင်းပြီးသော လျှောက်လွှာများကို ရခိုင်သဟာယအသင်း(ရန်ကုန်) ရုံးခန်း အမှတ် ၁၁၅ ပထမထပ်(ယာ) သမိန်ဗရမ်းလမ်း တာမွေမြို့နယ် ရန်ကုန်မြို့သို့ ၂၀၁၀ခုနှစ် ဇန်နဝါရီ ၃၁ရက် နောက်ဆုံးထား၍ အရောက်ပေးပို့ရမည်ဖြစ်သည်။ တက္ကသိုလ်ပညာသင် ထောက်ပံ့ဆု လျှောက်ထားလိုသော အလှူရှင်များသည် ဥက္ကဋ္ဌ ဦးခင်မောင်စိုး ဖုန်း-၅၅၂၁၂၆၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဦးကျော်ရင် ဖုန်း- ၃၇၆၈၄၈၊ ၀၉- ၅၁-၂၆၄၈၉၊ ဦးဘိုးတင် ဖုန်း-၀၉-၅၀-၀၆၉၂၆၊ ဦးမျိုးဆွေ ဖုန်း-၀၉- ၅၀-၀၁၁၈၀၊ ဦးဇော်အေးမောင် ဖုန်း-၀၉- ၅၁-၄၀၄၀၇၊ ဦးဇော်ဝင်း ဖုန်း-၀၉-၅၀-၀၆၈၂၀နှင့် အထွေထွေအတွင်းရေးမှူး (ယာယီ) ဦးသာမြကျော် ဖုန်း-၅၅၆၂၂၁၊ ၀၉-၅၁-၅၅၄၁၉ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။* ***(သတင်းစဉ်)***

ညောင်ရွှေမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် ပြည်သူများသန့်ရှင်းသော သောက်သုံးရေ ရရှိရေးအတွက် ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၁၄ရက်က မြို့နယ်ရပ် နှစ်လက်မ စက်ရေတွင်း တူးဖော်ပြီးစီးမှု အခြေအနေကို အမှုဆောင်အရာရှိ ဦးလင်းထွဋ်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးခင်မောင်စိုးတို့ ကြည့်ရှုစစ်ဆေးရာ အငယ်တန်းအင်ဂျင်နီယာ(၂) ဦးသိန်းမြတ်ထိုက်က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

# လှည်းကူးမြို့နယ် မင်းလွှင်ကုန်းကျေးရွာအုပ်စု စာကြည့်တိုက်ဆောက်လုပ်ရန် အလှူငွေပေးအပ်

**လှည်းကူး နိုဝင်ဘာ ၂၀**

လှည်းကူးမြို့နယ် မင်းလွှင်ကုန်းကျေးရွာအုပ်စုတွင် စာကြည့်တိုက်ဆောက်လုပ်ရန်အတွက် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၁၅ရက် နံနက် ၉နာရီခွဲက မင်းလွှင်ကုန်းကျေးရွာ၌ ကျင်းပသည်။

## ရှင်းလင်းပြောကြား

အခမ်းအနားတွင် အလှူရှင် ဦးအောင်မျိုးနိုင်-ဒေါ်ဖြူဖြူလင်းတို့က ငွေကျပ် ခုနစ်သိန်း၊ ဦးသန်းဝင်း-ဒေါ်နီလာအေးတို့က ငွေကျပ် ခုနစ်သိန်း၊ ဒေါ်နန်းထားထားခင်က ငွေကျပ် ခုနစ်သိန်း စုစုပေါင်း ငွေကျပ် ၂၁သိန်းကို အသီးသီး လှူဒါန်းရာ မင်းလွှင်ကုန်းကျေးရွာအုပ်စု ဥက္ကဋ္ဌ ဦးခင်လှိုင်က လက်ခံယူပြီး **(အပေါ်ပုံ)** မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်စုစုလှိုင်က စာကြည့်တိုက် ဆောက်လုပ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

## တက်ရောက်

အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒေါ်အေမီဇော်၊ အလှူရှင်များနှင့် ရပ်မိရပ်ဖများ တက်ရောက်ကြသည်။ **(မြို့နယ် ပြန်/ဆက်)**

မင်းဘူး(စကု)မြို့နယ် နန်းတော်ကုန်းကျေးရွာ နန်းရိပ်ဝေစာကြည့်တိုက် အဆောက်အအုံ ပန္နက်တင်မင်္ဂလာအခမ်းအနား ကျင်းပစဉ်။ (ခရိုင် ပြန်/ဆက်)

# မင်းဘူးမြို့နယ် နန်းတော်ကုန်းကျေးရွာ စာကြည့်တိုက် ပန္နက်တင်အခမ်းအနား ကျင်းပ

**မင်းဘူး နိုဝင်ဘာ ၂၀**

မင်းဘူး(စကု)မြို့နယ် နန်းတော်ကုန်းကျေးရွာ နန်းရိပ်ဝေစာကြည့်တိုက် အဆောက်အအုံ ပန္နက်တင်မင်္ဂလာကို အောက်တိုဘာ ၂၅ရက် နံနက် ၈နာရီက အဆိုပါ ကျေးရွာစာကြည့်တိုက် အဆောက်အအုံဆောက်လုပ်မည့် မြေနေရာ၌ ကျင်းပသည်။

## ပန္နက်တင်

အခမ်းအနားတွင် မင်းဘူးခရိုင် ဥက္ကဋ္ဌဦးအောင်ဌေး၊ မင်းဘူး(စကု)မြို့နယ် ဥက္ကဋ္ဌ ဦးသန်းနိုင်၊ မကွေးတိုင်း ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဝေလင်းနှင့် နန်းတော်ကုန်းကျေးရွာအုပ်စု ဥက္ကဋ္ဌ ဦးနေဝင်းတို့က သတ်မှတ်နေရာအသီးသီးတွင် မင်္ဂလာပန္နက်တင် ရိုက်သွင်းပေးကြသည်။

## တက်ရောက်

အခမ်းအနားသို့ မင်းဘူးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးသန်းဌေးနှင့် ခရိုင်အဆင့်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒုတိယဦးစီးမှူးနှင့် ဝန်ထမ်းများ၊ ကျေးရွာအုပ်စု ကျေးရွာစာကြည့်တိုက်ကော်မတီနှင့် အသင်းဝင်များ တက်ရောက်ကြသည်။

**(ခရိုင် ပြန်/ဆက်)**

## ဖိဂျီဝန်ကြီးချုပ်နှင့် အီးယူတာဝန်ရှိသူများ ဘရပ်ဆဲလ်၌ တွေ့ဆုံဆွေးနွေး

*ဆူဗား နိုဝင်ဘာ ၂၀*

*ဖီဂျီနိုင်ငံ ယာယီဝန်ကြီးချုပ် ဘိုင်နီမာရားမားသည် ဥရောပသမဂ္ဂ(အီးယူ) မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် နိုဝင်ဘာ ၁၉ ရက်တွင် ဘရပ်ဆဲလ်မြို့၌ တွေ့ဆုံဆွေးနွေးခဲ့ကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။*

*ဆွေးနွေး*

*ယင်းသို့တွေ့ဆုံစဉ် ဖီဂျီနိုင်ငံနှင့် ပတ်သက်သည့် အရေးကိစ္စများနှင့်တကွ လမ်းကြောင်းမှန်အတိုင်း လျှောက်လှမ်းရမည့် လတ်တလော အစီအမံများကို ထည့်သွင်းဆွေးနွေးခဲ့ကြောင်း သိရသည်။*

*တက်ရောက်*

*ယင်းဆွေးနွေးပွဲသို့ ဖီဂျီ ယာယီဝန်ကြီးချုပ်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီး၊ နိုင်ငံခြားရေးဌာန အမြဲတမ်းအတွင်းဝန်နှင့် ဥရောပသမဂ္ဂဆိုင်ရာ ဖီဂျီသံအမတ်ကြီးတို့လည်း တက်ရောက်သည်။ **(အင်တာနက်)***

**မော်တော်ကားစက်ရုံ**

**မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့အနီးရှိ မော်တော်ကားထုတ်လုပ်ရေးစက်ရုံ၏ လုပ်ငန်းခွင်တစ်နေရာကို နိုဝင်ဘာ ၁၉ရက်က တွေ့ရစဉ်။** (အင်တာနက်ဓာတ်ပုံ)

## တရုတ်နှင့်ဆူဒန် နှစ်နိုင်ငံ စိုက်ပျိုးရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်မည်

**ပေကျင်း နိုဝင်ဘာ ၂၀**

တရုတ်ကွန်မြူနစ်ပါတီ(စီပီစီ)အဆင့်မြင့်ခေါင်းဆောင် ချောယောင်ကန်းသည် ဆူဒန်နိုင်ငံ ခါတွန်မြို့သို့ အလည်အပတ်ရောက်ရှိနေစဉ် တရုတ်ပြည်သူ့ သမ္မတနိုင်ငံနှင့် ဆူဒန်နိုင်ငံတို့အကြား စိုက်ပျိုးရေးကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ပြုလုပ်သွားရန် သဘောတူညီကြသည်ဟု စီပီစီဗဟိုကော်မတီ နိုင်ငံတကာဌာနက နိုဝင်ဘာ ၁၉ရက်တွင် ပြောကြားသည်။

**လည်ပတ်**

ချောယောင်ကန်းသည် စီပီစီဗဟိုကော်မတီ နိုင်ငံရေးဗျူရို အမြဲတမ်းကော်မတီဝင် တစ်ဦးဖြစ်ပြီး ဆူဒန်နိုင်ငံသို့ နိုဝင်ဘာ ၁၆ရက်မှ ၁၈ရက်အထိ သုံးရက်ကြာလည်ပတ်ရန် ရောက်ရှိနေခြင်းဖြစ်သည်။ **(အင်တာနက်)**

## ထပ်မံအရေးယူပိတ်ဆို့မှု အီရန်ရင်ဆိုင်ရဖွယ်မရှိဟုဆို

**တီဟီရန် နိုဝင်ဘာ ၂၀**

အီရန်အစိုးရအနေဖြင့် ယင်း၏နျူကလီးယားအစီအစဉ်နှင့် ပတ်သက်၍ ထပ်မံအရေးယူပိတ်ဆို့မှုနှင့် ရင်ဆိုင်ရဖွယ်မရှိကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီး မော့တာကီက ပြောကြားသည်။

အရေးယူပိတ်ပင်မှုများသည် ၁၉၆၀ပြည့်လွန်နှင့် ၁၉၇၀ပြည့်လွန်နှစ်များ၏ မှတ်တမ်းမှတ်ရာများဖြစ်ကြောင်း ၄င်းက ပြောကြားသည်။ မအောင်မြင်သည့် အတွေ့အကြုံများကို ထပ်မံအသုံးမပြုလောက်အောင် ကမ္ဘာ့အင်အားကြီးနိုင်ငံများအနေဖြင့် အမြော်အမြင် ရှိကြမည်ဟု ထင်မြင်ယူဆကြောင်း ၄င်းက ထည့်သွင်းပြောကြားသည်။ **(အင်တာနက်)**

**တရုတ်နိုင်ငံ ဟန်ကျိုးမြို့ရှိ တာယာထုတ်လုပ်ရေးစက်ရုံ၏ လုပ်ငန်းခွင်တစ်နေရာကို နိုဝင်ဘာ ၁၉ရက်က တွေ့ရစဉ်။**

(အင်တာနက်ဓာတ်ပုံ)

## ကမ္ဘာ့ကလေးများနေ့အထူးအစီအစဉ် တရုတ်မီဒီယာများ ၂၄နာရီကြာ ထုတ်လွှင့်ပေးခဲ့

ပေကျင်း နိုဝင်ဘာ ၂၀

**ကမ္ဘာပေါ်ရှိ မီဒီယာအဖွဲ့အစည်းများက နိုဝင်ဘာ ၂၀ရက်၌ ကျရောက်သော ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂညီလာခံ သဘောတူစာချုပ်နှစ်ပတ်လည်နေ့တွင် အထူးအစီအစဉ်အဖြစ် ကလေးသူငယ်အခွင့်အရေးဆိုင်ရာများနှင့် ပတ်သက်ပြီး ၂၄နာရီကြာ အစီအစဉ်များ ထုတ်လွှင့်ပေးခဲ့သည်။**

ကလေးများအတွက် ကမ္ဘာလုံးဆိုင်ရာ သတင်းနေ့ အစီအစဉ်ဖြင့် ကမ္ဘာ့မီဒီယာက ဆော်သြထုတ်လွှင့်ပေးခဲ့ရာ ဆင်ဟွာသတင်းအေဂျင်စီနှင့် ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့(ယူနီဆက်)တို့က ကလေးများ၏ ပတ်ဝန်းကျင်နှင့် ကျန်းမာရေးမြှင့်တင်ပေးနိုင်မှုတို့ကို အဓိကဦးစားပေး ဖော်ပြပေးခဲ့သည်။

**ထုတ်လွှင့်**

အဆိုပါ အစီအစဉ်ကို ပေကျင်းစံတော်ချိန် နံနက်စနာရီမှ စတင်ထုတ်လွှင့်ခဲ့ကြောင်း ထိုသို့ထုတ်လွှင့်ပေးခဲ့ရာတွင် တရုတ်ဘာသာဖြင့် ၁၆နာရီကြာ ၊ အင်္ဂလိပ်ဘာသာနှင့် ၈ နာရီကြာ၊ ပညာရေး၊ ယဉ်ကျေးမှု၊ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ အားကစားစသည့် ကလေးများ၏ လူနေမှုဘဝနှင့် ဆက်နွှယ်နေသော ဖွံ့ဖြိုးတိုးတက်မှုများကို ထုတ်လွှင့် ပေးခဲ့သည်။ **ဆင်ဟွာ**

**တရုတ်နိုင်ငံ ရှန်စီပြည်နယ် တိုင်ယွမ်မြို့ ကလေးများပြန်လည်ထူထောင်ရေးဌာန၌ ကလေးများနေ့ အခမ်းအနားတွင် နိုဝင်ဘာ ၂၀ရက်က ဆရာဝန်များနှင့်အတူ အမှတ်တရ ဓာတ်ပုံရိုက်ကြစဉ်။**

(ဆင်ဟွာဓာတ်ပုံ)

## ပိုလန်သို့ ဗီယက်နမ် ပို့ကုန်ပမာဏ ကျဆင်း

**ဟန္နိုင်း နိုဝင်ဘာ ၂၀**

ပိုလန်နိုင်ငံသို့ ဗီယက်နမ်ပို့ကုန်မှာ ယခုနှစ်တွင် ၃၁ရာခိုင်နှုန်းကျဆင်းကြောင်း၊ ယခုနှစ် ပထမကိုးလအတွင်း အမေရိကန် ဒေါ်လာ ၁၃၂ ဒသမ ၅၃သန်းဖိုး တင်ပို့နိုင်ကြောင်း နိုဝင်ဘာ ၁၉ရက်၌ ဗီယက်နမ် စက်မှုနှင့်ကုန်သွယ်ရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။

**လျော့ကျ**

ဤကာလအတွင်း ဗီယက်နမ်နိုင်ငံမှ ပိုလန်နိုင်ငံသို့ ပင်လယ်အစားအစာတင်ပို့မှုမှာ အမေရိကန်ဒေါ်လာ ၃၄ဒသမ၉၅ သန်းဖိုး၊ အဝတ်အထည်နှင့် အထည်အလိပ် တင်ပို့မှုမှာ အမေရိကန်ဒေါ်လာ ၁၇ဒသမ ၅၂သန်းဖိုးသာရှိသည်။ ၄င်းနိုင်ငံ၏ယခုနှစ် ပြည်ပပို့ကုန်ကဏ္ဍ၌ ဆန်၊ လျှပ်စစ်ထုတ်ကုန်နှင့် အပိုပစ္စည်း၊ ပင်လယ်အစားအစာ နှင့်လက်ဖက်စသည့်ပို့ကုန်ပမာဏမှာ နှစ်အလိုက် လျော့ကျလျက်ရှိသည်။ **(အင်တာနက်)**

## စပိန်ငါးဖမ်းသင်္ဘော ပင်လယ်ဓားပြများလက်မှ ပြန်လွတ်မြောက်လာ

**မိုဂါဒစ်ရှူး နိုဝင်ဘာ ၂၀**

ဆိုမာလီပင်လယ်ဓားပြများ ပြန်ပေးဆွဲထားသည့် စပိန်ငါးဖမ်းသင်္ဘောအား သင်္ဘောသား ၃၆ ဦးနှင့်အတူ နိုဝင်ဘာ ၁၇ရက်က ပြန်လွှတ်ပေးလိုက်ပြီ ဖြစ်သည်။

**ပြန်ပေးဆွဲ**

ပြန်ပေးငွေ အမေရိကန်ဒေါ်လာ သုံးသန်းကျော်ရရှိပြီးဖြစ်သည့်အတွက် ပြန်လွှတ်ပေးလိုက်ခြင်းဖြစ်သည်ဟု ဆင်ဟွာက ဖော်ပြသည်။ အလက်ကာနာအမည်ရှိ ငါးဖမ်းသင်္ဘောမှာ စက်တင်ဘာလစောစောပိုင်းက ပြန်ပေးဆွဲခံရခြင်းဖြစ်သည်။ **ဆင်ဟွာ**

## ရေလုပ်ငန်းကဏ္ဍ ပူးပေါင်းဆောင်ရွက်ရန် ကော်စတာရီကာနှင့်စပိန် သဘောတူ

ဆန်ဟိုဆေး နိုဝင်ဘာ ၂၀

**ကော်စတာရီကာနှင့် စပိန်နှစ်နိုင်ငံသည် မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍတို့၌ အကျိုးတူပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်လုပ်ဆောင်ရန် သဘောတူစာချုပ်နှစ်ခုကို လက်မှတ်ရေးထိုးကြောင်း နိုဝင်ဘာ ၁၇ရက်၌ ကော်စတာရီကာ ထိပ်တန်းအစိုးရအရာရှိတစ်ဦးက ပြောကြားသည်။**

ယင်းသဘောတူစာချုပ်များမှာ စားနပ်ရိက္ခာဖူလုံရေး၊ ဆင်းရဲမွဲတေမှုတိုက်ဖျက်ရေး၊ နည်းပညာဖလှယ်မှုမြှင့်တင်ရေးကို ရည်ရွယ်ကြောင်း၊ မိမိတို့ နှစ်နိုင်ငံအနေဖြင့် သုတေသနပြုလုပ်ငန်း၊ ထုတ်ကုန်ကဏ္ဍမြှင့်တင်ရန်နှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စီမံခန့်ခွဲမှုများအပြင် မွေးမြူရေးကဏ္ဍတို့ကို ပူးပေါင်းဆောင်ရွက်သွားကြမည်ဖြစ်ကြောင်း ကော်စတာရီကာနိုင်ငံမှ စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာနဝန်ကြီး ဂျာဗီရာဖရော်ရီက ပြောကြားသည်။

ကော်စတာရီကာ ကမ်းရိုးတန်းဒေသတစ်လျှောက် ပင်လယ်ရေကြောင်းဆိုင်ရာ သုတေသနကွန်ရက် တည်ဆောက်ရေးကို စပိန်နိုင်ငံမှ ကူညီပံ့ပိုးပေးမည်ဖြစ်သည်။ **(အင်တာနက်)**

## ပနားမားတူးမြောင်း၌ တံတား သို့မဟုတ် ဥမင်လိုဏ်ခေါင်းဆောက်မည်

***ပနားမားစီးတီး နိုဝင်ဘာ ၂၀***

*ပနားမားအစိုးရသည် အတ္တလန္တိတ်ကမ်းခြေအနီး ပနားမားတူးမြောင်းတွင် တံတား သို့မဟုတ် ဥမင်လိုဏ်ခေါင်းတစ်ခု တည်ဆောက်သွားရန် စီစဉ်နေကြောင်း ပနားမားတူးမြောင်းအာဏာပိုင် (အေစီပီ)က နိုဝင်ဘာ ၁၈ ရက်တွင် ပြောကြားသည်။*

***ဖိတ်ခေါ်***

*ပနားမားတူးမြောင်း အာဏာပိုင်များသည် တည်ဆောက်ရေးကန်ထရိုက်များ လေလံဆွဲရန် ၂၀၁၀ခုနှစ် ဇန်နဝါရီလတွင် ဖိတ်ခေါ်သွားမည်ဖြစ်သည်ဟု သိရသည်။ **(အင်တာနက်)***

## ပက်ရှ်ဝါမြို့၌ ဗုံးခွဲမှုဖြစ်ပွား ၁၆ဦးသေဆုံး

**ပက်ရှ်ဝါ နိုဝင်ဘာ ၂၀**

ပါကစ္စတန်နိုင်ငံ ပက်ရှ်ဝါမြို့၌ နိုဝင်ဘာ ၁၉ရက်က အသေခံဗုံးခွဲတိုက်ခိုက်မှုဖြစ်ပွားရာ ၁၆ဦးသေဆုံးပြီး ၃၆ဦး ဒဏ်ရာရရှိသွားခဲ့ကြောင်း ဆေးရုံသတင်းရပ်ကွက်က ပြောကြားသည်။

**ညွှန်ကြား**

အသေခံဗုံးခွဲသမားမှာ လူစည်ကားရာ ခိုက်ဘာလမ်းမကြီးပေါ်ရှိ တရားရေးအဆောက်အအုံသို့ ဝင်ရောက်ကာ ဗုံးခွဲရန်ကြိုးပမ်းခဲ့ခြင်းဖြစ်ကြောင်း၊ ရဲတပ်ဖွဲ့ဝင်များက လိုက်လံရှာဖွေဖမ်းဆီးစဉ် ဗုံးခွဲသမားက ပြန်လည်ခုခံကာ ဗုံးဖောက်ခွဲလိုက်ခြင်းဖြစ်ကြောင်း(ဝဲပုံ) ဒေသတွင်း ညွှန်ကြားရေးအရာရှိ အနီးစ်ကပြောကြားသည်။

သေဆုံးသူများတွင် ရဲတပ်ဖွဲ့ဝင် သုံးဦးနှင့် ရှေ့နေနှစ်ဦးပါဝင်ကြောင်း၊ ယခုဗုံးခွဲတိုက်ခိုက်မှုမှာပက်ရှ်ဝါမြို့၌တစ်လအတွင်း ရှစ်ကြိမ်မြောက်တိုက်ခိုက်မှုပင်ဖြစ်ကြောင်း ဆင်ဟွာက ဖော်ပြသည်။ **ဆင်ဟွာ**

## တရုတ်၌ တည်ဆောက်ဆဲ တံတားပြိုကျ

**ဟန်ကျိုး နိုဝင်ဘာ ၂၀**

တရုတ်နိုင်ငံအရှေ့ပိုင်း ကျန်ကျင်းပြည်နယ်၌ နိုဝင်ဘာ ၁၉ရက် စောစောပိုင်းက တည်ဆောက်ဆဲ ရထားသံလမ်းတံတားပြိုကျရာ အလုပ်သမားတစ်ဦးသေဆုံးပြီး ငါးဦး ဒဏ်ရာရရှိကြောင်း ဒေသအာဏာပိုင်အဖွဲ့က ပြောကြားသည်။

အဆိုပါတံတားသည် ရှန်ဟိုင်းမြို့နှင့် ဟန်ကျိုးမြို့အကြား ဆက်သွယ်ထားသည့် အမြန်ရထားလမ်းပေါ်တွင်တည်ရှိပြီး အခင်းဖြစ်ပွားမှုနှင့်ပတ်သက်၍ သေချာစွာ မသိရှိရသေးကြောင်း ဟန်ကျိုးရထားပို့ဆောင်ရေးအာဏာပိုင်အဖွဲ့က ပြောကြားသည်။

**ဆောင်ရွက်**

ယင်းရထားသံလမ်းတံတားမှာအရှည် ၁၅၉ကီလိုမီတာရှိပြီး ယခုနှစ်ဖေဖော်ဝါရီလမှ စတင်တည်ဆောက်ကာ ၂၀၁၁ခုနှစ်တွင် အပြီးဆောင်ရွက်မည်ဖြစ်သည်။

၄င်းမြို့နှစ်မြို့အကြား ယခုအခါ နှစ်နာရီကြာသွားရသော်လည်း ယင်းအမြန်ရထားလမ်းတံတားကြီးပြီးစီးပါက ၃၈မိနစ်အတွင်း ရောက်ရှိမည်ဖြစ်သည်။ **(အင်တာနက်)**

ပဲခူးမြို့ ဥဿာမြို့သစ် ရပ်ကွက်ကြီး(၆) ဘုရင့်နောင်လမ်း ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို နိုဝင်ဘာ ၁၀ရက်က ပဲခူးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်ဝင်းနှင့်အဖွဲ့ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးထွန်းမြင့်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးအောင်ကျော်လှူတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

## အမျိုးသားနေ့အခမ်းအနား မြောက်ဦးတွင် ကျင်းပ

မြောက်ဦး နိုဝင်ဘာ ၂၀

**၂၀၀၉ခုနှစ် (၈၉)နှစ်မြောက် အမျိုးသားနေ့အခမ်းအနားကို မြောက်ဦးမြို့ မြဝါခန်းမ၌ကျင်းပရာ မြောက်ဦး အထကမှ နဝမတန်းကျောင်းသား ကျောင်းသူလေးများက ပြည်မြန်မာသီချင်းသီဆို၍ အခမ်းအနားကို ဖွင့်လှစ်ပေးသည်။**

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌထံမှ ပေးပို့သောသဝဏ်လွှာကို မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်သန်းလင်းက ဖတ်ကြားသည်။ အခမ်းအနားသို့ နယ်မြေခံတပ်နယ်မှ တပ်နယ်မှူးနှင့် တပ်ရင်းမှူးများ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီအဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်း အဖွဲ့ဝင်များ၊ မြို့မိမြို့ဖများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ တက်ရောက်ကြပြီး အမျိုးသားနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲတွင် ဆုရကျောင်းသား ကျောင်းသူများအား မြို့နယ်ဥက္ကဋ္ဌ ဦးကျော်သန်းလင်းနှင့်တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ကြောင်း သိရသည်။ (၁၁၃)

## တောင်ဥက္ကလာပ အလက(၄) ဒုတိယအကြိမ်မြောက် အာစရိယပူဇော်ပွဲ

ရန်ကုန် နိုဝင်ဘာ ၂၀

တောင်ဥက္ကလာပမြို့နယ် (၄)ရပ်ကွက် အလက(၄) ကျောင်းသား ကျောင်းသူဟောင်းများ၏ ဒုတိယအကြိမ် အာစရိယပူဇော်ပွဲကို အဆိုပါကျောင်းခန်းမ၌ ၂၀၁၀ ခုနှစ် ဇန်နဝါရီ ၄ရက် (လွတ်လပ်ရေးနေ့) နံနက်၁၀နာရီတွင်ကျင်းပမည်ဖြစ်ရာ ဆရာကန်တော့ပွဲ ကျင်းပရေးအတွက် ကြိုတင်ညှိနှိုင်း အစည်းအဝေးကို နိုဝင်ဘာ ၂၂ရက် (တနင်္ဂနွေနေ့) နံနက် ၁၀နာရီတွင် ကျင်းပမည်ဖြစ်သည်။ ကြိုတင် ညှိနှိုင်းအစည်းအဝေးနှင့် ဒုတိယအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ကျောင်းသား ကျောင်းသူဟောင်းများ စုံညီစွာတက်ရောက်ကြရန်နှင့် အလှူငွေထည့်ဝင်လိုသူများ ကျောင်းအုပ်ကြီး ဖုန်း-၀၁-၅၆၅၆၃၄၊ ဦးမြင့်အောင် ဖုန်း-၀၉-၈၆၁၁၈၃၀၊ ဦးဇော်ဝင်း ဖုန်း- ၀၁-၅၇၃၀၈၄၊ ၀၉-၅၀၈၇၇၆၈၊ ဒေါ်စုစုယဉ် ဖုန်း-၀၉-၅၀၀၀၂၀၀နှင့် မအေးအေးသင်း ဖုန်း-၀၁-၅၆၂၀၈၄တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (၁၁၉)

## ရပ်ရွာအခြေပြု ဘေးအန္တရာယ်စီမံခန့်ခွဲမှု သင်တန်းဖွင့်

ရန်ကုန် နိုဝင်ဘာ ၂၀

တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် မင်္ဂလာမြန်မာတို့ ပူးပေါင်း၍ ရပ်ရွာအခြေပြု ဘေးအန္တရာယ်စီမံခန့်ခွဲမှုသင်တန်းဖွင့်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၁၇ရက်က တနင်္သာရီတိုင်း မြိတ်မြို့ရှိ ပုလဲရတနာခန်းမ၌ ကျင်းပသည်။

### ရှင်းလင်းပြောကြား

ရှေးဦးစွာ တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးရဲနိုင်အောင်က အဖွင့်အမှာစကားပြောကြားပြီး **(အပေါ်ပုံ)** မင်္ဂလာမြန်မာမှ ဒေါ်ခိုင်ခိုင်ဝင်းက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

### ဖွင့်လှစ်မည်

မင်္ဂလာမြန်မာသည် ရပ်ရွာအခြေပြု ဘေးအန္တရာယ်စီမံခန့်ခွဲမှုသင်တန်းများကို တနင်္သာရီတိုင်း မြိတ်မြို့နယ်ရှိ ကျွဲကူးကျေးရွာ၊ ကျောက်ဖျာကျေးရွာနှင့် ကျွန်းစုမြို့နယ် စခန်းသစ်ကျေးရွာ၊ ကော့သောင်းမြို့နယ်ရှိ အောင်ဘာကျေးရွာ၊ အော်ကြီးကျေးရွာနှင့် ချမ်ဖန်ကျေးရွာများနှင့် ထားဝယ်မြို့နယ်ရှိ မောင်းမကန်ကျေးရွာ၊ ကနက်သီရိကျေးရွာတို့တွင် ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

## လက်သမား၊ ပန်းရန်၊ သံချည်သံကွေးအတတ်ပညာ သင်တန်းဆင်းပွဲများကျင်းပ

ရန်ကုန် နိုဝင်ဘာ ၂၀

နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန စည်ပင်သာယာရေး ဦးစီးဌာနမှ ဖွင့်လှစ်လျက်ရှိသော ရှေ့ဝတီတိုင်းရှိ ဖျာပုံ၊ ဘိုကလေး၊ မော်လမြိုင်ကျွန်းမြို့နယ် လက်သမား၊ ပန်းရန်၊ သံချည်သံကွေး အတတ်ပညာသင်တန်း အမှတ်စဉ်(၂) သင်တန်းဆင်းပွဲများကို ဧရာဝတီတိုင်းရှိ ဖျာပုံ၊ ဘိုကလေး၊ မော်လမြိုင်ကျွန်းမြို့နယ်များ၌ကျင်းပရာ စည်ပင်သာယာရေး ဦးစီးဌာနမှ ဒုတိယအင်ဂျင်နီယာချုပ် ဦးကျော်စိုးတက်ရောက်၍ သင်တန်းဆင်း အမှာစကားပြောကြားသည်။

### အမှာစကားပြောကြား

အလားတူ နိုဝင်ဘာ ၁၄ရက်တွင် ဒုတိယအင်ဂျင်နီယာချုပ် ဦးကျော်စိုးသည် လပွတ္တာမြို့တွင် ဖွင့်လှစ်လျက်ရှိသော လက်သမား၊ ပန်းရန်၊ သံချည်သံကွေးအတတ်ပညာသင်တန်း အမှတ်စဉ်(၂) သင်တန်းဆင်းပွဲသို့ တက်ရောက်၍ သင်တန်းဆင်း အမှာစကား ပြောကြားသည်။

အဆိုပါသင်တန်းသို့ ဖျာပုံ၊ ဘိုကလေး၊ မော်လမြိုင်ကျွန်း၊ လပွတ္တာမြို့နယ်များမှ သင်တန်းသား ၅၀စီ တက်ရောက်ခဲ့ကြပြီး သင်တန်းသားများအတွက် စားစရိတ်၊ ဝတ်စုံစရိတ်နှင့် သင်ထောက်ကူပစ္စည်းများကို အခမဲ့ထောက်ပံ့ပေးအပ်သည်။

### ရည်ရွယ်

ယင်းသင်တန်းများကို လေဘေးသင့်ဒေသရှိ အမျိုးသားများအား စာပေပညာအပြင် စက်မှုလက်မှုအခြေခံပညာရပ်များ တတ်မြောက်ကျွမ်းကျင်ပြီး ကိုယ်ပိုင်စီးပွားရေးလုပ်ငန်း ထူထောင်နိုင်သည်အထိရည်ရွယ်၍ သင်တန်းဖွင့်လှစ် သင်ကြားပေးခဲ့ခြင်းဖြစ်သည်။ **(နယ်စပ်စည်ပင်)**

**နိုဝင်ဘာ ၁၇ရက်က မြောက်ဥက္ကလာပမြို့နယ် အမှတ်(၂) အခြေခံပညာမူလတန်းကျောင်း၏ ၂၀၀၈-၂၀၀၉ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲတွင် စတုတ္ထတန်းမှ ထူးချွန်ဆုရ မဆုမြတ်စံအား ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်တင်ဝင်းက ဂုဏ်ပြုဆု ချီးမြှင့်စဉ်။** (ပညာရေး)

## တိုင်းရင်းဆေးသေတ္တာများ ဖြန့်ဝေပေးအပ်

ဝါးခယ်မ နိုဝင်ဘာ ၂၀

အရေးပေါ်သုံး မြန်မာ့တိုင်းရင်းဆေးသေတ္တာ ဖြန့်ဝေပေးအပ်ပွဲအခမ်းအနားကို ဝါးခယ်မမြို့မနောသုခခန်းမ၌ အောက်တိုဘာ ၁၉ရက် နံနက် ၁၀နာရီက ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဇော်ဇော်က အဖွင့်အမှာစကား ပြောကြားသည်။

### ဖြန့်ဝေ

ထို့နောက် မြို့နယ်ဥက္ကဋ္ဌနှင့် ဒုတိယတိုင်းရင်းဆေးမှူး ဒေါ်တင်တင်နုတို့က မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၁၀အုပ်စုမှ ဆေးသေတ္တာတာဝန်ခံများထံ ဆေးသေတ္တာများ ဖြန့်ဝေပေးအပ်ကြသည်။ **(အပေါ်ပုံ)** **(မြို့နယ် ပြန်/ဆက်)**

## နောက်ဆုံးရ နိုင်ငံတကာသတင်းများ

မောင်မောင်ဆွေ - စုစည်းသည်

### ဗြိတိန်နိုင်ငံ၌ မိုးအဆက်မပြတ်ရွာသွန်းနေ

*ဗြိတိန်နိုင်ငံတွင် မိုးအဆက်မပြတ် ရွာသွန်းကာ ရာသီဥတုဖောက်ပြန်နေသဖြင့် လာမည့်ရက်အနည်းငယ်အတွင်း မိုးသည်းထန်စွာ ဆက်လက်ရွာသွန်းပြီး လေပြင်းကျရောက်မည်ဟု မျှော်လင့်ရကြောင်း၊ နေရာအနှံ့အပြားတွင် ရေလွှမ်းမိုးမည့်အန္တရာယ်လည်းရှိနေကြောင်း ဗြိတိသျှအမျိုးသား မိုးလေဝသဌာနက နိုဝင်ဘာ ၁၉ရက်၌ ကြေညာသည်။ မိုးသည်းထန်စွာရွာသွန်းသဖြင့် အင်္ဂလန်နိုင်ငံအနောက်မြောက်ပိုင်း ကမ်ဘရီယာတွင် စာသင်ကျောင်း ၂၁ကျောင်းကို ပိတ်ထားရသည်။*

*(အောက်ပုံ)*

### အင်ဒိုနီးရှားနိုင်ငံ အနောက်ပါပူဝါကျွန်း၌ အင်အားအသင့်အတင့်ရှိ မြေငလျင်လှုပ်

*အင်ဒိုနီးရှားနိုင်ငံ အရှေ့ဖျားရှိ အနောက်ပါပူဝါကျွန်းတွင် နိုဝင်ဘာ ၂၀ ရက် ဂျကာတာစံတော်ချိန် နံနက် ၆နာရီ ၇မိနစ်အချိန်က ရစ်ချ်တာစကေး ၅ ဒသမ ၅ ရှိသည့် အင်အားအသင့်အတင့်ရှိသော မြေငလျင်လှုပ်သွားကြောင်း အင်ဒိုနီးရှား မိုးလေဝသနှင့် ဘူမိရူပဌာနကကြေညာသည်။*

### အီရန် နျူကလီးယားအစီအစဉ်ကိစ္စ ထပ်မံတောင်းဆိုချက်ဟူသမျှ ပြင်သစ်မလိုက်လျော

*ပြင်သစ်နိုင်ငံသည် အီရန်နျူကလီးယားအစီအစဉ်နှင့် ပတ်သက်၍ အီရန်နိုင်ငံ၏ ထပ်မံတောင်းဆိုချက်ဟူသမျှကို လိုက်လျောတော့မည်မဟုတ်ကြောင်း ပြင်သစ်နိုင်ငံခြားရေးဝန်ကြီးဌာနက နိုဝင်ဘာ၁၉ရက်တွင်ပြောသည်။ အီရန်နျူကလီးယားပြဿနာ ဖြေရှင်းရေးအတွက် နိုင်ငံတကာ၏ အဆိုပြုချက်ကို အီရန်နိုင်ငံက လက်မခံဘဲ ငြင်းဆိုပြီးနောက်တစ်ရက်တွင် ပြင်သစ်နိုင်ငံခြားရေးဝန်ကြီးဌာနက ယင်းကဲ့သို့ ပြောကြားလိုက်ခြင်းဖြစ်သည်။*

### A(H1N1) ရောဂါဖြင့် သေဆုံးသူဦးရေ မွန်ဂိုလီးယားတွင် ၁၇ဦးအထိရှိလာ

*မွန်ဂိုလီးယားနိုင်ငံတွင် A(H1 N1) တုပ်ကွေးရောဂါကြောင့် သေဆုံးသူဦးရေသည် နိုဝင်ဘာ ၁၉ရက်တွင် ၁၇ဦးအထိ တိုးလာကြောင်း မွန်ဂိုလီးယားကျန်းမာရေးဝန်ကြီးဌာနကကြေညာသည်။ မွန်ဂိုးလီးယားနိုင်ငံတွင် A(H1 N1) တုပ်ကွေးရောဂါ ကူးစက်ခံရသူ ၁၀၇၃ဦးရှိသွားပြီ ဖြစ်ကြောင်းဖြင့်လည်း ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ကြေညာသည်။*

### သီရိလင်္ကာတွင် A(H1N1) ရောဂါပြန့်ပွား စာသင်ကျောင်းများ ယာယီပိတ်ထားရ

***သီရိလင်္ကာနိုင်ငံအလယ်ပိုင်းပြည်နယ်တွင် တစ်ကမ္ဘာလုံးကြုံတွေ့နေရသော A(H1N1) တုပ်ကွေးရောဂါ ကူးစက်ပြန့်ပွားနေ၍ စာသင်ကျောင်းများကို ရက်အကန့်အသတ်မရှိ ပိတ်ထားရန် ပြည်နယ်အာဏာပိုင်များက နိုဝင်ဘာ ၁၉ရက်တွင် ဆုံးဖြတ်လိုက်သည်။***

### အိန္ဒိယအရှေ့ပိုင်း၌ ရထားလမ်းချော်တိမ်းမှောက် နှစ်ဦးသေဆုံး၊ ၄၇ဦးဒဏ်ရာရရှိ

*အိန္ဒိယနိုင်ငံ အရှေ့ပိုင်း ဂျာခန်းပြည်နယ်တွင် သူပုန်များက မီးရထားလမ်းကို ဖောက်ခွဲဖျက်ဆီးသဖြင့် ခရီးသည်တင် မီးရထားတစ်စင်း လမ်းချော် တိမ်းမှောက်သွားကြောင်း အိန္ဒိယရဲတပ်ဖွဲ့က ပြောကြားသည်။ ထိုမီးရထားလမ်းချော် တိမ်းမှောက်မှုကြောင့် နှစ်ဦးထက်မနည်းသေဆုံးပြီး ၄၇ဦးဒဏ်ရာရရှိသွားကြောင်း၊ ဂက်ဂရားဘူတာအနီးတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။* ***(အောက်ပုံ)*** ***(အင်တာနက်)***

# ဖျာပုံမြို့၌ မျက်စိရောဂါအခမဲ့ကုသခြင်း ဖွင့်ပွဲအခမ်းအနားကျင်းပ
# တိုင်းမှူးဗိုလ်ချုပ်ကျော်ဆွေနှင့် ဝန်ကြီးများ တက်ရောက်အားပေး

နေပြည်တော် နိုဝင်ဘာ ၂၀

**ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ဆွေသည် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်နှင့် ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်တို့ လိုက်ပါလျက် နိုဝင်ဘာ ၁၅ရက် ညနေပိုင်းက ဖျာပုံမြို့ ခုတင်(၂၀၀)ဆံ့ ဆေးရုံကြီးသို့ သွားရောက်၍ ပြည်ထောင်စုမြန်မာနိုင်ငံဆိုင်ရာ အစ္စရေးနိုင်ငံသံအမတ်ကြီး H.E. Mr. Yaron Mayer နှင့် အစ္စရေးနိုင်ငံမှ မျက်စိခွဲစိတ် အထူးကုဆရာဝန်ကြီးများအားတွေ့ဆုံပြီး မျက်စိခွဲစိတ်အထူးကု ဆရာဝန်ကြီးများ၏ မျက်စိခွဲစိတ်ခန်းအတွင်း ခေတ်မီစက်ပစ္စည်းကိရိယာများ၊ ဆေးဝါးများစီစဉ်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးကာ မျက်စိဝေဒနာရှင်များ၊ မျက်စိခွဲစိတ်ကုသမှုခံယူပြီးသော လူနာများအား တွေ့ဆုံအားပေးစကား ပြောကြားသည်။**

### အခမဲ့ခွဲစိတ်ကုသ

တိုင်းမှူးနှင့်ဝန်ကြီးများသည် နိုဝင်ဘာ ၁၇ရက် နံနက် ၈နာရီတွင် ဖျာပုံမြို့ရှိ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျန်းမာရေးဝန်ကြီးဌာနနှင့် အစ္စရေးနိုင်ငံ မျက်စိအထူးကုအဖွဲ့ (Israel Eye From Zion) တို့ ပူးပေါင်းဆောင်ရွက်သည့် မျက်စိရောဂါအခမဲ့ ခွဲစိတ်ကုသခြင်း ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြပြီး တိုင်းမှူး ဗိုလ်ချုပ်ကျော်ဆွေ၊ ဝန်ကြီး ဒေါက်တာကျော်မြင့်၊ အစ္စရေးနိုင်ငံသံအမတ်ကြီး H.E. Mr. Yaron Mayer နှင့် Israel Eye From Zion မှ Expedition Manager Mr. Nati Marcus တို့က အမှာစကားပြောကြားကြသည်။

ထို့နောက် တိုင်းမှူးနှင့်အဖွဲ့သည် ဖျာပုံမြို့ ခုတင်(၂၀၀)ဆံ့ ဆေးရုံကြီး၌ ခွဲစိတ်ကုသ နိုင်ငံမှ မျက်စိဝေဒနာရှင်များအား စစ်ဆေးကုသပေးရုံသာမက မျက်စိအထူးကုဆရာဝန်များကိုလည်း ခေတ်မီမျက်စိခွဲစိတ်ကုသနည်းများ လက်တွေ့သင်ကြားပို့ချပေးသွားမည်ဖြစ်ကာ အတွင်းတိမ်ဝေဒနာရှင်များအား ခေတ်မီ Phacoemulsification နည်းပညာဖြင့် ခွဲစိတ်ကုသပေးရန် Phaco စက်များ၊ မျက်တွင်းမှန်များ၊ ဆေးနှင့် ဆေးပစ္စည်းများကို အစ္စရေးနိုင်ငံမှ ယူဆောင်လာကြသည်။

### သင်တန်းပို့ချ

မျက်စိအတွင်းတိမ် ရောဂါဝေဒနာရှင်များအား စမ်းသပ်စစ်ဆေး ခွဲစိတ်ကုသပေးသည့်အပြင် မျက်စိစွေစောင်းခြင်း ရောဂါကိုလည်း ခွဲစိတ်ကုသပေးမည်ဖြစ်သည်။ အဆိုပါ မျက်စိအထူးကုအဖွဲ့သည် ဖျာပုံမြို့၌ နိုဝင်ဘာ ၂၀ရက်အထိ၊ မန္တလေးမြို့ မျက်စိ၊

**အစ္စရေးနိုင်ငံ Eye From Zion အဖွဲ့မှ မျက်စိအထူးကုဆရာဝန်ကြီးများ ဖျာပုံမြို့ ခုတင်(၂၀၀)ဆံ့ ပြည်သူ့ဆေးရုံ၌ မျက်စိခွဲစိတ်ကုသပေးနေစဉ်။**
(သတင်းစဉ်)

မှုခံယူမည့် လူနာများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကား ပြောကြားကြကာ မျက်စိခွဲစိတ်ကုသမှု ခံယူပြီးသည့် လူနာများအား မျက်မှန်များကို အခမဲ့ တပ်ဆင်ပေးကြသည်။

### ကူညီပံ့ပိုး

မျက်စိခွဲစိတ်ကုသမှု လုပ်ငန်းကို အောင်မြင်စွာ ဆောင်ရွက်နိုင်ရန်အတွက် ဖျာပုံမြို့ ခုတင်(၂၀၀)ဆံ့ ပြည်သူ့ဆေးရုံ ဆေးရုံအုပ်ကြီး ဒေါက်တာညီညီမင်းနှင့် ဆရာဝန်များ၊ သူနာပြုများနှင့်ဝန်ထမ်းများက ဝိုင်းဝန်းကူညီ ပံ့ပိုးဆောင်ရွက်ပေးခဲ့ကြသည်။

အစ္စရေးနိုင်ငံမှ Eye From Zion အဖွဲ့သည် စေတနာရှင် မျက်စိအထူးကုဆရာဝန်ကြီးများနှင့် ဖွဲ့စည်းထားပြီး မြန်မာ နား၊ နှာခေါင်း၊ လည်ချောင်းဆေးရုံကြီးတွင် နိုဝင်ဘာ ၂၃ရက်မှ ၂၅ရက်အထိ နှင့် ရန်ကုန်မြို့ မျက်စိအထူးကုဆေးရုံကြီး၌ နိုဝင်ဘာ ၂၆ရက်တွင် မျက်စိဝေဒနာရှင်များအား ခွဲစိတ်ကုသပေးပြီး မျက်စိအထူးကုဆရာဝန်များနှင့် မဟာသိပ္ပံ မျက်စိဘွဲ့လွန်သင်တန်းသားများအား စာတွေ့လက်တွေ့ သင်တန်းပို့ချပေးခြင်းများ ဆောင်ရွက်သွားမည် ဖြစ်သည်။

### ကြည့်ရှု

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်သည် နိုဝင်ဘာ ၁၅ရက် ညနေပိုင်းတွင် ရန်ကုန်တိုင်း ကွမ်းခြံကုန်းမြို့နယ် ပြည်သူ့ဆေးရုံနှင့် ဒေးဒရဲ ပြည်သူ့ဆေးရုံကြီးတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## အမှာစကားပြောကြား

ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ကျော်ဆွေ ကျန်းမာရေးဝန်ကြီးဌာနနှင့် အစ္စရေးနိုင်ငံ မျက်စိအထူးကုအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်သည့် မျက်စိရောဂါ အခမဲ့ ခွဲစိတ်ကုသခြင်း ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

## မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

**၂၁-၁၁-၂၀၀၉ (စနေနေ့)**

**နံနက်ပိုင်း**

- ၇:၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၁၅ ၂။ မြတ်ဂုဏ်တော်သခင် သန်းမြတ်စိုး၊တေးရေး- မောင်မောင်လတ်
- ၇:၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၄။ နံနက်ခင်းသတင်း
- ၇:၄၀ ၅။ တေးဂီတအစီအစဉ်
- ၇:၅၅ ၆။ ကဗျာပန်းဥယျာဉ်
- ၈:၀၅ ၇။ **အကပြိုင်ပွဲ**
- ၈:၁၅ ၈။ ပျော်ဘွယ်ချည်မျှင်စက်ရုံ
- ၈:၃၀ ၉။ International News
- ၈:၄၀ ၁၀။ Crossroads Cafe (Episode-7) (Fish out of Water)
- ၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

**နေ့လယ်ပိုင်း**

- ၁၁:၀၀ ၁။ စစ်သည်တေး
- ၁၁:၁၀ ၂။ တေးဂီတအစီအစဉ်
- ၁၁:၂၀ ၃။ ချစ်စရာ့အရွယ်ကစားကြမယ်
- ၁၁:၄၅ ၄။ တစ်ပတ်အတွင်းရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
- ၁၂:၅၀ ၅။ Yan Can Cook
- ၁၃:၁၀ ၆။ နိုင်ငံခြားဇာတ်လမ်းတွဲ **ဟာသကမ္ဘာ**(အပိုင်း-၄၇)
- ၁၄:၁၀ ၇။ တေးဂီတအစီအစဉ်
- ၁၄:၃၀ ၈။ အတီးပြိုင်ပွဲ
- ၁၄:၅၀ ၉။ International News

**ညပိုင်း**

- ၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄:၁၀ ၂။ မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
- ၄:၂၀ ၃။ နားဝင်ပီယံ သူ့လက်သံ
- ၄:၃၀ ၄။ မူဟန်သွယ်သွယ်ဆိုကြမယ်
- ၄:၄၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ်(အရှေ့တိုင်းပညာ အထူးပြု) (အရှေ့တိုင်းပညာ)
- ၄:၅၅ ၆။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၅:၀၅ ၇။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
- ၅:၁၅ ၈။ **ရတနာစုံညီ နေပြည်တော်ဆီ**
- ၅:၂၅ ၉။ အဆိုပြိုင်ပွဲ
- ၅:၃၅ ၁၀။ **မဒန်းရေလှောင်တမံ**
- ၅:၄၅ ၁၁။ တေးဂီတအစီအစဉ်
- ၆:၀၀ ၁၂။ ညနေခင်းသတင်း
- ၆:၁၅ ၁၃။ မိုးလေဝသအခြေအနေ
- ၆:၂၀ ၁၄။ **အလှရှာမယ် လှကမ္ဘာဝယ်**
- ၆:၄၀ ၁၅။ **ယဉ်တစ်ကိုယ်မယ်**
- ၇:၀၀ ၁၆။ နိုင်ငံခြားဇာတ်လမ်းတွဲ **မိုးမြေချစ်သူ**(အပိုင်း-၂၃)
- ၈:၀၀ ၁၇။ ပြည်တွင်းသတင်း
- ၁၈။ နိုင်ငံတကာသတင်းများ
- ၁၉။ မိုးလေဝသအခြေအနေ
- ၂၀။ ကာတွန်းအစီအစဉ် **ဒိုင်နိုဆောမိသားစု စွန့်စားခန်း** (အပိုင်း-၆၁)
- ၂၁။ နိုင်ငံခြားဇာတ်လမ်းတွဲ **နွေဦးကဗျာစု ချစ်သံသာ** (အပိုင်း-၁၃)
- ၂၂။ **ဂီတတံခါးလေးဖွင့်ပါဦး**

# ဧရာဝတီတံတား (မကွေး) ရေလမ်းကြောင်းပြောင်းလဲထား

*နေပြည်တော် နိုဝင်ဘာ ၂၀*

*ဧရာဝတီမြစ်ကူး ဧရာဝတီတံတား (မကွေး) ရေလမ်းကြောင်းတွင် ရေယာဉ်များ ဖြတ်သန်းသွားလာရန် ရေလမ်းကြောင်းကို အစုန်လမ်းအဖြစ် ရေလယ်တိုင်အမှတ် (၃)နှင့် (၄) အကြားမှလည်းကောင်း၊ အဆန်လမ်းအဖြစ် ရေလယ်တိုင်အမှတ် (၂)နှင့် (၃)အကြားမှ လည်းကောင်း သတ်မှတ်ဖွင့်လှစ်ထားခဲ့သည်။ ယခုအခါ ဧရာဝတီမြစ်ရေကျဆင်းလျက်ရှိပြီး ရေလမ်းကြောင်းအခြေအနေအရ ရေယာဉ်များ ဖြတ်သန်းသွားလာရန် ရေလမ်းကြောင်းကို ၂၀၀၉ခုနှစ် နိုဝင်ဘာ ၂၅ရက်မှစ၍ အစုန်လမ်းအဖြစ် ရေလယ်တိုင်အမှတ် (၂)နှင့် (၃)အကြားမှလည်းကောင်း၊ အဆန်လမ်းအဖြစ် ရေလယ်တိုင် အမှတ် (၁)နှင့် (၂)အကြားမှလည်းကောင်း ပြောင်းလဲဖွင့်လှစ်မည်ဖြစ်သည်။*

*အဆန်လမ်းအဖြစ် ပြောင်းလဲမည့် ရေလယ်တိုင် အမှတ် (၁)နှင့် (၂)အကြားရှိ ရေလမ်းကြောင်း၏ ကင်းလွတ်အကျယ်မှာ ၂၂၇ ပေရှိပြီး ကင်းလွတ်အမြင့်မှာ အမြင့်ဆုံး ရေမျက်နှာပြင်အထက် ၄၆ပေ ရှိသည်။ အစုန်လမ်းအဖြစ် ပြောင်းလဲမည့် ရေလယ်တိုင် အမှတ် (၂)နှင့် (၃)အကြားရှိ ရေလမ်းကြောင်း၏ ကင်းလွတ်အကျယ်မှာ ၂၄၈ပေ ရှိပြီး ကင်းလွတ်အမြင့်မှာ အမြင့်ဆုံးရေမျက်နှာပြင် အထက် ၅၂ပေရှိသည်။ ရေယာဉ်များ ဖြတ်သန်းရမည့် ဝင်ပေါက်တွင် နေ့မြင်အစိမ်းရောင် တြိဂံအမှတ်အသားပြသ၍ ညအခါ မီးစိမ်းထွန်း ပြသထားမည်။ မဝင်ရမည့် ရေလမ်းတွင် အနီရောင် ကြက်ခြေခတ် အမှတ်အသားပြသ၍ ညအခါ မီးနီထွန်း ပြသထားမည်။*

*တံတားရေလယ်တိုင်များ၏ အောက်ခြေပိုင်တိုင်အုတ်ခုံမှာ ရေလယ်တိုင်များ၏ တစ်ဖက်တစ်ချက်တွင် ပေ ၂၀ခန့် အစွန်းထွက်နေသဖြင့် ရေယာဉ်များ ရေလယ်တိုင်နှစ်ခုအကြားမှ ယှဉ်ပြိုင်ခုတ်မောင်းခြင်း မပြုကြရန်နှင့် တွန်းရေယာဉ်များ တစ်တွဲချင်းသာ ချိတ်ဆွဲဖြတ်သန်းကြရန်အပြင် အစုန်ဦးစားပေး၍ ဝင်ပေါက်သို့ ချဉ်းကပ်ရာတွင် လုံလောက်သော အကွာအဝေးမှ ချဉ်းကပ်လမ်းကြောင်းမှန်ဖြင့် ထိန်းသိမ်းခုတ်မောင်းကြရန် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ရေလမ်းသတိပေးနိုးဆော်ချက် သတင်းထုတ်ပြန်ထားသည်။* ***(သတင်းစဉ်)***

# စာရင်းစစ်ချုပ်ရုံး၊ ပြည်နယ်/တိုင်း ညွှန်ကြားရေးမှူးများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

နေပြည်တော် နိုဝင်ဘာ ၂၀

**စာရင်းစစ်ချုပ်ရုံး၊ ပြည်နယ်/တိုင်း ညွှန်ကြားရေးမှူးများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၉နာရီက နေပြည်တော်ရှိ စာရင်းစစ်ချုပ်ရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင် တက်ရောက်၍ အမှာစကားပြောကြားသည်။**

### တက်ရောက်

ယင်းအစည်းအဝေးသို့ စာရင်းစစ်ချုပ်ရုံး၊ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ နေပြည်တော်၊ ရုံးချုပ်၊ ပြည်နယ်/တိုင်း ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် စာရင်းစစ်ချုပ်က အမှာစကားပြောကြားရာ၌ တာဝန်ရှိသူများသည် လုပ်ငန်းဆောင်ရွက်ရာတွင် သမာသမတ်ကျစွာ၊ အဂတိကင်းကင်းရှင်းရှင်းဖြင့် မှန်မှန်ကန်ကန် အစဉ်တစိုက်ဆောင်ရွက်ရန်၊ ငွေကြေးပမာဏကြီးမားသည့် စီမံကိန်းလုပ်ငန်းများကို စေ့စေ့စပ်စပ် စစ်ဆေး၍ အချိန်မီတင်ပြရန်၊ အလွဲသုံးစားမှု၊ မသမာမှု၊ ပေါ့လျော့မှုတို့ကြောင့် ဖြစ်ပေါ်လာသော နိုင်ငံတော်၏ နစ်နာဆုံးရှုံးမှုများကို ဆက်လက်စစ်ဆေးဖော်ထုတ်သွားရန်၊ စစ်ဆေးဖော်ထုတ်မှုအရ နိုင်ငံတော်၏ဆုံးရှုံးမှု ငွေကြေးပစ္စည်းများကို နိုင်ငံတော်သို့ ပြန်လည်ပေးသွင်းမှုကို အပြည့်အဝ ပြန်လည်ရရှိနိုင်ရေးအတွက် တွန်းအားပေး ဆောင်ရွက်ရမည့်အပြင် သတ်မှတ်ထားသည့်အတိုင်း လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုရှိ၊ မရှိကိုလည်း စိစစ်ရန်နှင့် လုပ်ငန်းများကို လျာထားချက်အတိုင်း အပြည့်အဝ ပြီးစီးစေရေး စောင့်ကြည့်စစ်ဆေးတင်ပြရန် မှာကြားသည်။

### ရှင်းလင်းတင်ပြ

ထို့နောက် ပြည်နယ်/တိုင်း ညွှန်ကြားရေးမှူးများက လုပ်ငန်းဆိုင်ရာများကို ဆွေးနွေးတင်ပြကြပြီး စာရင်းစစ်ချုပ်ရုံး ညွှန်ကြားရေးမှူးချုပ်က ဖြည့်စွက်ရှင်းလင်း တင်ပြသည်။

ယင်းနောက် စာရင်းစစ်ချုပ်က တင်ပြချက်များနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို မှာကြားကာ နိဂုံးချုပ် အမှာစကားပြောကြားပြီး အစည်းအဝေးကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ကျောက်ချောလမ်း

**ကယားပြည်နယ် လွိုင်ကော်ခရိုင် ရှားတောမြို့နယ်၏ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်တွင် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ဆောင်ရွက်သော ရှားတောမြို့နှင့် မြောက်ရွာ ဆက်သွယ်သည့် မိုးကြိုးလမ်း ပေ ၈၁၀ ကျောက်ချောလမ်းခင်းခြင်းကို ရှားတောမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြတ်သိန်းထွန်းနှင့် အဖွဲ့က ကြီးကြပ်ဆောင်ရွက်စဉ်။**
(မြို့နယ်စည်ပင်)

# Shoe Gallery ဆိုင်သစ်ဖွင့်

**ရန်ကုန် နိုဝင်ဘာ ၂၀**

Shoe Gallery တံဆိပ် အမျိုးသမီးစီးဖိနပ်ဆိုင်၏ (၃၁)ဆိုင်မြောက် ဆိုင်သစ်ကို အောက်တိုဘာ ၃၀ရက်က ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် အမှတ် ၁၁၅ အနော်ရထာလမ်းနှင့် ၃၇ လမ်းထိပ်၌ ဖွင့်လှစ်ခဲ့ပြီး **(အပေါ်ပုံ)** စာနယ်ဇင်းများမှ ပုဂ္ဂိုလ်များနှင့် Customer များ တက်ရောက်ခဲ့ကြသည်။ Promotion အစီအစဉ်အနေဖြင့် အောက်တိုဘာ ၃၀ရက်မှ နိုဝင်ဘာ ၈ရက်အထိ ဖိနပ်တစ်ရန်ဝယ်လျှင် ကံစမ်းမဲတစ်စောင် နှိုက်ခွင့်ပေးပြီး ချက်ချင်း Discount ချပေး၍ နိုဝင်ဘာ ၁ရက် Miss People Style Competition ပြိုင်ပွဲတွင် Miss Shoe Gallery ကို ရွေးချယ်ရာ မမေဆူးမောင် (ရန်ကုန်)က ရရှိသွားကြောင်း သိရသည်။ **(သတင်းစဉ်)**

# နှစ်(၂၀)ပြည့် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂညီလာခံ သဘောတူစာချုပ် နှစ်ပတ်လည်နေ့ အခမ်းအနား

## ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ တက်ရောက်အမှာစကားပြောကြား

နေပြည်တော် နိုဝင်ဘာ ၂၀

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနနှင့်UNICEF တို့ ပူးပေါင်း၍ ကြီးမှူးကျင်းပသည့် နှစ် (၂၀)ပြည့် ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂညီလာခံသဘောတူစာချုပ် နှစ်ပတ်လည်နေ့ အခမ်းအနားကို ယနေ့နံနက် ၁၀နာရီက နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန စုပေါင်း အစည်းအဝေးခန်းမ၌ ကျင်းပရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။**

### တက်ရောက်

အဆိုပါ အခမ်းအနားသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်၊ အလုပ်သမားဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဗိုလ်မှူးချုပ်တင်ထွန်းအောင်၊ ဒုတိယရှေ့နေချုပ် ဦးမြင့်နိုင်၊ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးကြည်၊ ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာ အကြီးအကဲများ၊ တပ်မတော်အရာရှိကြီးများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ အရာထမ်းအမှုထမ်းများ တက်ရောက်ကြသည်။

### ဖွင့်လှစ်ပေး

ရှေးဦးစွာ နေပြည်တော် တော်ဝင်ရတနာမူလတန်းကြိုကျောင်းမှ ကလေးငယ်များက နှစ်(၂၀)ပြည့် ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂညီလာခံ သဘောတူ စာချုပ် နှစ်ပတ်လည်နေ့ အခမ်းအနားကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စည်းလုံးခြင်းအတွက် သီချင်းတစ်ပုဒ် သီချင်းဖြင့် တေးသရုပ်ဖော် ဖျော်ဖြေတင်ဆက်ပြီး အခမ်းအနားကို ဖွင့်လှစ်ပေးကြသည်။

### အဖွင့်အမှာစကားပြောကြား

ထို့နောက် မြန်မာနိုင်ငံ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ ဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေက နှစ်(၂၀)ပြည့် ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂညီလာခံ သဘောတူစာချုပ် နှစ်ပတ်လည်နေ့ အခမ်းအနားနှင့် စပ်လျဉ်း၍ အဖွင့်အမှာစကားပြောကြားပြီး UNICEF ဌာနေကိုယ်စားလှယ် မစ္စတာရာမစ်ရှ် ရှရက်စ်သာက အမှာစကားပြောကြားသည်။

### ပေးအပ်

ယင်းနောက် ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေက အခမ်းအနားသို့ တက်ရောက် လာကြသော ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများအား ကမ္ဘာ့ကလေးသူငယ်များ၏ အခြေအနေ အထူးထုတ်စာစောင်များကို ပေးအပ်သည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်နှင့် UNICEF ဌာနေ ကိုယ်စားလှယ် မစ္စတာရာမစ်ရှ်ရှရက်စ်သာတို့က နှစ်(၂၀)ပြည့် ကလေးသူငယ် အခွင့် အရေးများဆိုင်ရာ ကုလသမဂ္ဂညီလာခံ သဘောတူစာချုပ် နှစ်ပတ်လည်နေ့အထိမ်းအမှတ် ဓာတ်ပုံပြိုင်ပွဲတွင် ဆုရရှိသူများအား ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

### ဖျော်ဖြေတင်ဆက်

ထို့နောက် နေပြည်တော် အမှတ်(၃) အခြေခံပညာအလယ်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက နှစ်(၂၀)ပြည့် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂ ညီလာခံ သဘောတူစာချုပ် နှစ်ပတ်လည်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အသီးတစ်ရာ အညွှာတစ်ခု သီချင်းဖြင့် တေးသရုပ်ဖော် ဖျော်ဖြေတင်ဆက်ပြီး အခမ်းအနားကို ရုပ်သိမ်း လိုက်သည်။

အခမ်းအနားအပြီးတွင် ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေနှင့် အခမ်းအနားသို့ တက်ရောက်လာကြသူများသည် နှစ်(၂၀)ပြည့် ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂညီလာခံ သဘောတူစာချုပ် နှစ်ပတ်လည်နေ့အထိမ်းအမှတ် မှတ်တမ်းတင် ဓာတ်ပုံများကို လှည့်လည်ကြည့်ရှုကြသည်။

(သတင်းစဉ်)

### နှစ်ပတ်လည်နေ့

**မြန်မာနိုင်ငံ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ ဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ နှစ်(၂၀)ပြည့် ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂညီလာခံ သဘောတူစာချုပ် နှစ်ပတ်လည်နေ့ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။** (သတင်းစဉ်)

**မြန်မာနိုင်ငံ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ နှစ်(၂၀)ပြည့် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂညီလာခံ သဘောတူစာချုပ် နှစ်ပတ်လည်နေ့အခမ်းအနားသို့ တက်ရောက် လာကြသော တာဝန်ရှိသူများအား ကမ္ဘာ့ကလေးသူငယ်များ၏အခြေအနေ အထူးထုတ် စာစောင်များကို ပေးအပ်စဉ်။** (သတင်းစဉ်)

### အိုင်အိုဒင်းပါဝင်မှုစစ်ဆေး

**မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ပြည်သူ့ဈေးအတွင်း ရောင်းချသော ဆားများအား အိုင်အိုဒင်းပါဝင်မှု ရှိ မရှိကို ဈေးတာဝန်ခံ၊ မြို့နယ် ကျန်းမာရေးဦးစီးဌာန ဝန်ထမ်းများနှင့်အတူ ဦးစီးအရာရှိ ဒေါ်တင်တင်အေးတို့ ကွင်းဆင်းစစ်ဆေးစဉ်။** (မြို့နယ်စည်ပင်)

### ပင်လည်ဘူး အထက မြတ်ဆရာပူဇော်ပွဲ

ပင်လည်ဘူး နိုဝင်ဘာ ၂၀

ပင်လည်ဘူးမြို့ အခြေခံပညာအထက်တန်းကျောင်း၌ တာဝန်ထမ်းဆောင်ခဲ့ကြသော အငြိမ်းစားယူပြီး ဆရာကြီး ဆရာမကြီးတို့အား တပည့်အပေါင်းစုပေါင်း၍ ပဌမအကြိမ် မြတ်ဆရာပူဇော်ပွဲ အခမ်းအနားကို လာမည့် ဒီဇင်ဘာ၂၈ရက် နံနက်၁၁နာရီတွင် ပင်လည်ဘူးမြို့ အထက ဦးအောင်မြတ်ခန်းမ၌ ကျင်းပမည်ဖြစ်သည်။ ရပ်ဝေးရပ်နီးမှ ကန်တော့ခံဆရာကြီး ဆရာမကြီးများနှင့် ကျောင်းသားကျောင်းသူဟောင်းများ အားလုံး သည် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြရန် ဖိတ်ကြားနိုးဆော် ထားသည်။ **(ပညာရေး)**



### ကျောက်ချောလမ်းခင်း

**မင်းပြားမြို့နယ် စည်ပင်သာယာ ရေးအဖွဲ့က ဆောင်ရွက်ခဲ့သော ခြိတ်တောင်- တောင့်ချေ- ငပုကွ ကျေးလက် ကျောက်ချောလမ်းခင်းခြင်း ဆောင်ရွက်ထားရှိမှုကို ရခိုင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့မှ အင်ဂျင်နီယာ မှူး ဦးထွန်းဝေ ကွင်းဆင်းစစ်ဆေးရာ တာဝန်ခံ အင်ဂျင်နီယာ ဦးအောင်ထွန်း ကရှင်းလင်းတင်ပြစဉ်။** (မြို့နယ်စည်ပင်)

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၂၁-၁၁-၂၀၀၉ ( စနေနေ့ )**

**နံနက်ပိုင်း**

| | |
|---|---|
| ၅:၀၀ | MRTV-4 အဖွင့် Logo၊ ပဌာန်းပါဠိတော်+ အင်္ဂုလိမာလသုတ်၊ ဗောဇ္ဈင်္ဂသုတ်၊ ပုဗ္ဗဏှသုတ် |
| ၅:၁၅ | MRTV-4 သတင်း |
| ၆:၀၀ | **ငါတို့ဆရာ ငါတို့သာသနာ** တရားတော်(သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ) |
| ၇:၀၀ | MRTV-4 သတင်း |
| ၇:၄၅ | MRTV-4 ကာတွန်းအစီအစဉ် |
| ၈:၀၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နားခိုလိုက်ပါမေတ္တာရိပ်မှာ** (အပိုင်း-၃) |
| ၈:၃၀ | 25th SEA GAME အတွက် ကြိုတင်ပြင်ဆင်နေမှုများ (ပြေးခုန်ပစ်) |
| ၈:၄၅ | Activities in the City (အရိုးပါးရောဂါအသိပညာပေး ဟောပြောပွဲအခမ်းအနား) |
| ၈:၅၅ | Royal Reward Resort နှင့် သူ၏ဆုလာဘ်သခင် |
| ၉:၁၅ | Global Panorama (ဦးကိုကိုလှိုင်၊ မျိုးမြတ်သူ) |
| ၁၀:၁၅ | သင့်မိသားစု ကျန်းမာရေး ဂလိုဘယ်(လ်)ပဲဆီသန့်ဦးစားပေး |
| ၁၀:၄၀ | သွားမယ် စားမယ် (SHANTI INDIAN CUISINE) |
| ၁၁:၁၀ | ဆက်သွယ်ရေးဇာတ်လမ်းအသစ် **ဟယ်လိုအချစ်** |
| ၁၁:၃၅ | အနုပညာမိုးကောင်းကင် (Chatrium Wedding Fair ) |
| ၁၁:၄၅ | ကလေးများအတွက် ပါးစပ်ထဲမှ သွားကလေးများအကြောင်း သိကောင်းစရာ (ဒေါက်တာမိုလာ) |
| ၁၂:၀၀ | အင်တာနက်လမ်းညွှန် (The Castle Internet Cafe) |
| ၁၂:၂၀ | ဘေးမဲ့တောလေးတည်တံ့ဖို့ ဝိုင်းဝန်းထိန်းသိမ်းစို့ |
| ၁၂:၃၀ | ခေတ်မီအလှဆင် အိမ်ဒီဇိုင်းသွင်ပြင် |
| ၁၂:၄၀ | Activities in the City (အရိုးပါးရောဂါ အသိပညာပေး ဟောပြောပွဲအခမ်းအနား) |
| ၁:၀၀ | **ငါတို့ဆရာ ငါတို့သာသနာ** တရားတော် (သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ) |
| ၂:၀၀ | MRTV-4 သတင်း |
| ၂:၄၅ | Fashion Music Festival (Romantic Couple-2 ) |
| ၃:၃၅ | **အိမ်တွင်းပုန်းများမကြည့်ရ** နေတိုး၊ သက်မွန်မြင့် (ဒါရိုက်တာ-ဇော်ဇော်ထက်လင်း) |
| ၃:၅၀ | ဆက်သွယ်ရေးဇာတ်လမ်းအသစ် **ဟယ်လိုအချစ်** |
| ၄:၁၅ | ပန်းချီပြခန်း (Preview of Booth 25) |
| ၄:၃၅ | Royal Reward Resort နှင့် သူ၏ဆုလာဘ်သခင် |
| ၄:၅၅ | သဘာဝကပေးတဲ့ အကျိုးအာနိသင် **ဖြူစင်တဲ့နှလုံးသား** သရုပ်ဆောင်-ဇေယျာ၊ ထူးသာ၊ ပွင့်နဒီမောင်၊ ဒေါ်အောင်မြင့်ကြည် [ဒါရိုက်တာ-ကြည်သာ(ပွဲကြိုက်ခင်)] |
| ၅:၂၀ | သင့်မိသားစု ကျန်းမာရေး ဂလိုဘယ်(လ်)ပဲဆီသန့်ဦးစားပေး |
| ၅:၄၀ | လေလှိုင်းမှဖြေကြား ပရိသတ်များ အမေးစကား |
| ၅:၅၀ | လှပသက်ဝင် ဖော့ပန်းပုရုပ်သွင် |
| ၆:၀၀ | MRTV-4 သတင်း |
| ၆:၂၀ | သွားမယ် စားမယ် (SHANTI INDIAN CUISINE) |
| ၆:၅၀ | အနုပညာမိုးကောင်းကင် (Chatrium Wedding Fair ) |
| ၇:၀၅ | Fashion Music Festival (Romantic Couple -2) |
| ၇:၄၅ | အင်တာနက်လမ်းညွှန် (The Castle Internet Cafe) |
| ၈:၀၀ | MRTV-4 သတင်း |
| ၈:၃၀ | ပန်းချီပြခန်း (Preview of Booth 25) |
| ၈:၅၀ | သဘာဝကပေးတဲ့ အကျိုးအာနိသင် **ဖြူစင်တဲ့နှလုံးသား** သရုပ်ဆောင်-ဇေယျာ၊ ထူးသာ၊ ပွင့်နဒီမောင်၊ ဒေါ်အောင်မြင့်ကြည် [ဒါရိုက်တာ-ကြည်သာ(ပွဲကြိုက်ခင်)] |
| ၉:၁၅ | လေလှိုင်းမှဖြေကြား ပရိသတ်များ အမေးစကား |
| ၉:၂၅ | Barclays Premier League (Sunderland Vs Arsenal) |
| ၁၁:၂၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နားခိုလိုက်ပါမေတ္တာရိပ်မှာ** (အပိုင်း-၃) |
| ၁၁:၅၅ | Barclays Premier League (Man Utd Vs Everton) |
| ၁:၀၀ | အစီအစဉ်ပြီး၏။ |

**MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။**

### Barclays Premier League ဘောလုံးပွဲစဉ်များ

| ညပိုင်း | ပွဲစဉ် | ပြသမည့်လိုင်း |
|---|---|---|
| ၇:၁၀ | Liverpool-Man City | ESPN(Live) |
| ၉:၂၅ | Chelsea-Wolverhampton | ESPN(Live) |
| | Sunderland -Arsenal | Star Sports(Live) |
| ၁၁:၃၀ | Burnley- Aston Villa | Star Sports (SDD) |
| ၁၁:၅၅ | Man Utd-Everton | ESPN(Live) |

21-11 (07).pmd 1 11/21/2009, 2:15 PM

# ပခုက္ကူ-ကျွန်းချောင်း ရထားလမ်းပိုင်းဖွင့်ပွဲအခမ်းအနားကျင်းပ

# ရောဝတီမြစ်အနောက်ခြမ်း ဖွံ့ဖြိုးတိုးတက်မှုတွင် များစွာအရေးပါ

နေပြည်တော် နိုဝင်ဘာ ၂၀

ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားသည် လမ်းပန်းဆက်သွယ်ရေး လုံခြုံချောမွေ့ပြီး ဒေသအသီးသီး၏ဖွံ့ဖြိုးမှု တစ်ပြေးညီတိုးတက်စေရန် မီးရထား ကွန်ရက်လမ်းသစ်များကို နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ဖောက်လုပ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့်အနက် ရောဝတီမြစ် အနောက်ဘက်ခြမ်း ဒေသများ၏ ဖွံ့ဖြိုးတိုးတက်မှုများတွင် များစွာအရေးပါသော ကြံခင်း-ပခုက္ကူ ရထားလမ်းမကြီး၏ အစိတ်အပိုင်းဖြစ်သည့် ပခုက္ကူ-ကျွန်းချောင်း ရထားလမ်းပိုင်းသစ် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၇ နာရီတွင် မကွေးတိုင်း ပခုက္ကူမြို့နယ် ပခုက္ကူဘူတာဥပစာ၌ ကျင်းပသည်။

**ရထားလမ်းပိုင်းသစ်ဖွင့်**

**ပခုက္ကူ-ကျွန်းချောင်း ရထားလမ်းပိုင်းသစ်ဖွင့်ပွဲကို ပခုက္ကူဘူတာ ဥပစာရှေ့၌ ကျင်းပစဉ်။** (သတင်းစဉ်)

အဆိုပါ ဖွင့်ပွဲ အခမ်းအနားသို့ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုး၊ ရထားပို့ဆောင်ရေး ဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်အောင်မင်း၊ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာနဝန်ကြီးနှင့် အမှတ်(၂) လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်၊ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း၊ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေ၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသည့် သူရ ဦးသောင်းလွင်နှင့် ဦးဖေသန်း၊ ဆက်သွယ်ရေး၊စာတိုက်နှင့်ကြေးနန်းဝန်ကြီး ဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်သိန်းထွန်း၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်များ၊ မြန်မာ့မီးရထားမှ အရာထမ်း၊ အမှုထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုးက အမှာစကား ပြောကြားရာတွင် ရောဝတီမြစ် အနောက်ဘက်ခြမ်း ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်က ရောဝတီမြစ် အနောက်ဘက်ခြမ်းနှင့် အရှေ့ဘက်ခြမ်းတို့ ဆက်သွယ်သွားလာနိုင်မည့် ရောဝတီမြစ်ကူးတံတားကြီးများနှင့် ပုသိမ်-မုံရွာ ကားလမ်းမကြီးတို့ကို ဖောက်လုပ်ပေးခဲ့ပြီး ရထားလမ်းအနေဖြင့် ယခင်ဖောက်လုပ်ပြီး ပုသိမ်-ကြံခင်း ရထားလမ်းကို ကြံခင်း-ပခုက္ကူရထားလမ်းဖြင့် ဆက်သွယ်ဖောက်လုပ်ပေးခြင်းဖြင့် ရောဝတီမြစ် အနောက်ဘက်ခြမ်း၏ အဓိက ပင်မရထားလမ်းမကြီးအဖြစ် ပုသိမ်မှ ကြံခင်း-ပခုက္ကူ-ကလေး-မန္တလေး-မြစ်ကြီးနား အစရှိသည့် ဖောက်လုပ်ပြီးသား ရထားလမ်းများနှင့် ဆက်စပ်ကာ ဒေသတစ်ခုမှ တစ်ခုသို့ အလွယ်တကူ သွားရောက်နိုင်စေရန် စီမံ ဆောင်ရွက်လျက်ရှိကြောင်း။

ယနေ့ဖွင့်လှစ်မည့် အရှည် ၂၇ မိုင်ရှိ ပခုက္ကူ-ကျွန်းချောင်း ရထားလမ်းကို အပိုင်းသုံးပိုင်းခွဲပြီး ဖောက်လုပ်နေသည့် ကြံခင်း-ပခုက္ကူ ရထားလမ်း၏ ပွင့်ဖြူ-ပခုက္ကူ လမ်းပိုင်း အစိတ်အပိုင်းတစ်ခုအဖြစ် ပထမဆုံး အောင်မြင်စွာဖွင့်လှစ်နိုင်ခဲ့ပြီး ဤရထားလမ်းပိုင်းကို ၂၀၀၇ခုနှစ် ဧပြီ ၁ရက်မှ စတင်ဖောက်လုပ်ခဲ့ကာ နှစ်နှစ်ကျော်ကာလအတွင်း အချိန်တိုတိုဖြင့် နေ့ညမနား အကောင်အထည်ဖော် ဆောင်ရွက်ပေးခဲ့ကြသည့် ရထားပို့ဆောင်ရေး ဝန်ကြီးဌာန မြန်မာ့မီးရထား ဝန်ထမ်းများအားလုံးကို ကျေးဇူးတင် ဂုဏ်ပြုပါကြောင်း၊ ဒေသခံ ပြည်သူများအနေဖြင့် ဤရထားလမ်းကြီး အရှည်တည်တံ့ခိုင်မြဲရေးအတွက် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်သွားရန် လိုအပ်ကြောင်း စသည်ဖြင့် ပြောကြားသည်။

**ပခုက္ကူဘူတာကို တွေ့ရစဉ်။** (သတင်းစဉ်)

**ဖွင့်လှစ်ပေး**

ဆက်လက်၍ ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းက ပခုက္ကူ-ကျွန်းချောင်း ရထားလမ်းပိုင်း ဖောက်လုပ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားရာတွင် ကြံခင်း-ပခုက္ကူ ရထားလမ်း မိုင် ၃၂၀၌ ကြံခင်း-သရက်လမ်းပိုင်း မိုင် ၁၁၀၊ သရက်-ပွင့်ဖြူလမ်းပိုင်း မိုင် ၁၀၀နှင့် ပွင့်ဖြူ-ပခုက္ကူလမ်းပိုင်း မိုင် ၁၁၀တို့ကို အပိုင်းသုံးပိုင်းခွဲ၍ ဖောက်လုပ်လျက်ရှိပြီး ၂၀၀၉ခုနှစ် အောက်တိုဘာ၁၇ရက်တွင် ကြံခင်း-သရက်လမ်းပိုင်း၏ နောက်ဆုံး ဆက်စပ်ရန် ကျန်ရှိသည့် ကံမ-သရက်လမ်းပိုင်း ၃၅မိုင်ကို ဖွင့်လှစ်ပေးနိုင်သည့်အတွက် ကြံခင်းမှ သရက်အထိ ရထားဖြင့် တစ်ဆက်တည်း သွားလာနိုင်ပြီဖြစ်ကြောင်း၊ ကျန်ရှိသည့် အပိုင်းများအနက် ကြံခင်း-ပခုက္ကူရထားလမ်း ဖောက်လုပ်ရေး စီမံကိန်း၏ ပခုက္ကူ-ပွင့်ဖြူအပိုင်းတွင် ပါဝင်သည့် ပခုက္ကူ-ကျွန်းချောင်း အရှည် ၂၇မိုင်ကို ယနေ့ အောင်မြင်စွာ ဖွင့်လှစ်ပေးနိုင်ခဲ့ကြောင်း။

အဆိုပါ ရထားလမ်းပိုင်းတွင် ပေ ၁၈၀အထက် တံတားကြီး လေးစင်း၊ ပေ ၁၈၀ အောက် တံတား ၄၆စင်း၊ တံတားကြီး/ငယ် စုစုပေါင်း အစင်း ၅၀၊ ဘူတာပေါင်း ခြောက်ဘူတာ၊ အများဆုံးကွေ့ ဒီဂရီ ၁၂ဒီဂရီ၊ ကွေ့ပေါင်း ၃၀နှင့် အများဆုံး ဆင်ခြေလျှော ၁း၁၀၀ဖြစ်ကြောင်း၊ ကျန်ရှိနေသည့် လမ်းပိုင်းများကို အပိုင်းလိုက် အမြန်ဆုံး ဆက်စပ်ဖွင့်လှစ်နိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

**ဖွံ့ဖြိုးတိုးတက်လာ**

ဤကြံခင်း-ပခုက္ကူ ရထားလမ်း ဖောက်လုပ်ရေးစီမံကိန်းကြီး ပြီးစီးပါက ပုသိမ်-ကြံခင်း ရထားလမ်း၊ ပခုက္ကူ-ကလေး ရထားလမ်းတို့နှင့် ဆက်စပ်သွားပြီး ပုသိမ်၊ ကြံခင်း၊ ပခုက္ကူ၊ မုံရွာ၊ ရွှေဘိုနှင့် မြစ်ကြီးနားအထိ ရထားဖြင့် သွားလာနိုင်မည်ဖြစ်ကာ ရောဝတီမြစ် အနောက်ဘက်ခြမ်းရှိ လမ်းပန်းဆက်သွယ်မှု ခက်ခဲသည့် ရောဝတီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ စစ်ကိုင်းတိုင်းများအတွင်းရှိ နယ်မြေဒေသများသာမက ချင်းပြည်နယ်နှင့် ကချင်ပြည်နယ်တို့အထိ ရထားဖြင့် တစ်ဆက်တစ်စပ်တည်း သွားလာနိုင်ခြင်းဖြင့် လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေးတို့၌ အဘက်ဘက်က ဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ကြောင်း။

**စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုးနှင့် ဝန်ကြီးများ ပခုက္ကူ-ကျွန်းချောင်း ရထားလမ်းပိုင်းသစ်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြစဉ်။** (သတင်းစဉ်)

**တိုးချဲ့တည်ဆောက်**

၁၉၈၈ခုနှစ် မတိုင်မီက ရထားလမ်းအရှည် ၁၉၇၆ဒသမ ၃၅မိုင်သာ ရှိခဲ့ရာမှ နိုင်ငံတော်အစိုးရလက်ထက်၌ ယနေ့ဖွင့်လှစ်မည့် ပခုက္ကူ-ကျွန်းချောင်း ရထားလမ်းအပါအဝင် ရထားလမ်းအရှည် ၁၃၂၉ဒသမ ၃၀မိုင် ထပ်မံ တိုးချဲ့ဖောက်လုပ်နိုင်ခဲ့သဖြင့် ယနေ့အထိ ရထားလမ်းအရှည် စုစုပေါင်း ၃၃၀၅ဒသမ ၆၅မိုင်ကိုလည်းကောင်း၊ ၁၉၈၈ခုနှစ်မတိုင်မီက ဘူတာပေါင်း ၄၈၇ဘူတာရှိခဲ့ရာမှ နိုင်ငံတော်အစိုးရလက်ထက်၌ ယနေ့ဖွင့်လှစ်မည့် ပခုက္ကူ-ကျွန်းချောင်း လမ်းပိုင်းရှိ ဘူတာခြောက်ခု အပါအဝင် ၃၅၃ ဘူတာ တိုးချဲ့တည်ဆောက်နိုင်ခဲ့သဖြင့် ယနေ့အထိ ဘူတာ စုစုပေါင်း ၈၄၀ကိုလည်းကောင်း၊ ၁၉၈၈ခုနှစ်မတိုင်မီက တံတားကြီး/ငယ် စုစုပေါင်း ၅၆၅၀ ရှိခဲ့ရာမှ နိုင်ငံတော်အစိုးရလက်ထက်တွင် ၄၉၇၇ စင်း တိုးချဲ့တည်ဆောက်နိုင်ခဲ့သဖြင့် ယနေ့အထိ တံတားကြီး/ငယ် စုစုပေါင်း ၁၀၆၂၇စင်းကိုလည်းကောင်း အသီးသီး အကောင်အထည်ဖော် တည်ဆောက်ပေးနိုင်ခဲ့သည့်အပြင် မြန်မာ့မီးရထားအနေဖြင့် ရထားလမ်းများ ပိုမိုတိုးတက်ကောင်းမွန်အောင် ပြုပြင်ခြင်း၊ အဆင့်မြှင့်တင်ခြင်း၊ လမ်းပန်းဆက်သွယ်မှုပိုမိုကောင်းမွန်စေရန်နှင့် ဒေသဖွံ့ဖြိုးတိုးတက်မှုများ ပိုမိုဖြစ်ထွန်းလာစေရန် ရထားလမ်းသစ်များကို တိုးချဲ့ဖောက်လုပ်ပေးခြင်း၊ လူစီးတွဲနှင့် ကုန်တွဲများကို ကုန်ကျစရိတ်သက်သာစွာဖြင့် ပြည်တွင်း၌ ထုတ်လုပ်နိုင်ရန် စသည့် ရှပ်ပိုင်းဆိုင်ရာ တိုးတက်ကောင်းမွန်ရေးသာမက ခရီးသွားပြည်သူများ အဆင်ပြေ လွယ်ကူချောမွေ့စွာ သွားလာနိုင်ရေးအတွက် ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း စသည်ဖြင့် ရှင်းလင်းပြောကြားသည်။

ယင်းနောက် တိုင်းဥက္ကဋ္ဌက အမှာစကားပြောကြားပြီး ဒေသခံ ပြည်သူတစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။

ဆက်လက်၍ တိုင်းမှူး၊ ဝန်ကြီးများနှင့် တိုင်းဥက္ကဋ္ဌတို့သည် ပခုက္ကူ-ကျွန်းချောင်း ရထားလမ်းပိုင်းသစ်ကို

**၁၉၈၈ ခုနှစ်မတိုင်မီက ရထားလမ်းအရှည် ၁၉၇၆ဒသမ ၃၅မိုင်သာ ရှိခဲ့ရာမှ နိုင်ငံတော် အစိုးရလက်ထက်၌ ယနေ့ဖွင့်လှစ်မည့် ပခုက္ကူ-ကျွန်းချောင်း ရထားလမ်းအပါအဝင် ရထား လမ်းအရှည် ၁၃၂၉ဒသမ ၃၀မိုင် ထပ်မံတိုးချဲ့ ဖောက်လုပ်နိုင်ခဲ့။**

**ပခုက္ကူ-ကျွန်းချောင်း ရထားလမ်းပိုင်းသစ်တွင် ရထား စတင်ပြေးဆွဲခုတ်မော**

# လာအိုနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာထောင်လွန်းဆီဆုလစ် ခေါင်းဆောင်သောအဖွဲ့ ပြန်လည်ထွက်ခွာ

နေပြည်တော် နိုဝင်ဘာ ၂၀

ပြည်ထောင်စုမြန်မာနိုင်ငံတော်သို့ ရောက်ရှိနေသော လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာ ထောင်လွန်းဆီဆုလစ် ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ညနေ ၃နာရီက အထူးလေယာဉ်ဖြင့် နေပြည်တော်မှ ပြန်လည်ထွက်ခွာသွားသည်။

**ပို့ဆောင်နှုတ်ဆက်**

လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာ ထောင်လွန်းဆီဆုလစ် ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့အား နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Kouily A. SOUPHAKHET နှင့် တာဝန်ရှိသူများက နေပြည်တော်လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။ **(သတင်းစဉ်)**

...ချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ...နချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုးနှင့် ဝန်ကြီးများ ...းလမ်းပိုင်းသစ်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက် ...င်းနီးနီး နှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

ဖွံ့ဖြိုးတိုးတက်မှုများ ပိုမိုဖြစ်ထွန်းလာစေရန် ရထားလမ်းသစ်များကို တိုးချဲ့ဖောက်လုပ်ပေးခြင်း၊ လူစီးတွဲနှင့် ကုန်တွဲများကို ကုန်ကျစရိတ်သက်သာစွာဖြင့် ပြည်တွင်း၌ ထုတ်လုပ်နိုင်ရန် စသည့် ရုပ်ပိုင်းဆိုင်ရာ တိုးတက်ကောင်းမွန်ရေးသာမက ခရီးသွားပြည်သူများ အဆင်ပြေ လွယ်ကူချောမွေ့စွာ သွားလာနိုင်ရေးအတွက်

ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး ဖွင့်ပွဲအခမ်းအနားမှုခ်ဦးရှေ့၌ ဒေသခံပြည်သူများနှင့်အတူ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် တိုင်းမှူးသည် ဖွင့်ပွဲအထိမ်းအမှတ် ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးကာ တိုင်းမှူး၊ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများသည် ဖွင့်ပွဲ အထူးရထားကို အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးကြသည်။

**ရင်းရင်းနှီးနှီးနှုတ်ဆက်**

ယင်းနောက် တိုင်းမှူး၊ ဝန်ကြီးများ၊ တိုင်းဥက္ကဋ္ဌနှင့်ဧည့်သည်တော်များ

နိုင်ငံတော်အကြီးအကဲ၏လမ်းညွှန်မှုနှင့်အညီ ဧရာဝတီမြစ်အနောက်ဘက်ခြမ်းဒေသများကို အခြားသော ဒေသကြီးများကဲ့သို့ မြန်မြန်ဆန်ဆန် မျှမျှတတ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားသည် ကြံခင်း-ပခုက္ကူ ရထားလမ်း မိုင် ၃၂၀ ကို အပိုင်း သုံးပိုင်းခွဲ၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့်အနက် ကြံခင်း-ဥသျှစ်ပင် လမ်းပိုင်း ၃၈ မိုင်ကို ၂၀၀၈ခုနှစ် မတ် ၁ရက်တွင်လည်းကောင်း၊ ဥသျှစ်ပင်-ကံမလမ်းပိုင်း ၃၅မိုင်ကို ၂၀၀၉ ခုနှစ် မတ် ၂၂ရက်တွင်လည်းကောင်း၊ ကံမ-သရက်လမ်းပိုင်းကို ၂၀၀၉ခုနှစ် အောက်တိုဘာ ၁၇ရက်တွင် လည်းကောင်း၊ ပခုက္ကူ-ကျွန်းချောင်းလမ်း

ပခုက္ကူ-ကျွန်းချောင်း ရထားလမ်းပိုင်းသစ်တွင် ရထား စတင် ပြေးဆွဲခုတ်မောင်းလာစဉ်။ (သတင်းစဉ်)

ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း စသည်ဖြင့် ရှင်းလင်းပြောကြားသည်။

ယင်းနောက် တိုင်းဥက္ကဋ္ဌက အမှာစကားပြောကြားပြီး ဒေသခံ ပြည်သူတစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။

ဆက်လက်၍ တိုင်းမှူး၊ ဝန်ကြီးများနှင့် တိုင်းဥက္ကဋ္ဌတို့သည် ပခုက္ကူ-ကျွန်းချောင်း ရထားလမ်းပိုင်းသစ်ကို

သည့် အထူးရထားပေါ်သို့တက်ရောက်နေရာယူကြပြီး အထူးရထားပေါ်၌ လိုက်ပါစီးနင်းကြသည့် ဒေသခံ ခရီးသွား ပြည်သူများအား ဖွင့်ပွဲအထိမ်းအမှတ် အမှတ်တရလက်ဆောင်ပစ္စည်းများပေးအပ်ကြကာ လမ်းတစ်လျှောက်ရှိ ဘူတာအသီးသီးတို့မှ ကြိုဆိုနေကြသည့် ဒေသခံ ပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

ပိုင်းကို ယနေ့တွင်လည်းကောင်း အောင်မြင်စွာ ဖွင့်လှစ်ပေးနိုင်ခဲ့ပြီး ကျန်ရှိသည့် လမ်းပိုင်းများကို အချိန်နှင့်တစ်ပြေးညီ ဖွင့်လှစ်နိုင်ရန် မြန်မာ့မီးရထားဝန်ထမ်းများက ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

**ဖောက်လုပ်နေ**

ထို့အတူ ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားအနေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ရထားလမ်းများမှာ ပဲခူး-ဟံသာဝတီလေဆိပ် ရထားလမ်းသစ် ၄ဒသမ၆၆မိုင်၊ သရက်-ကျွန်းချောင်း ရထားလမ်း၁၈၄မိုင်၊ ကသာ-ဗန်းမော်ရထားလမ်း ၉၈မိုင်၊ မိုးနဲ-ကျိုင်းတုံ ရထားလမ်း ၂၂၆ မိုင်၊ ပျော်ဘွယ်-နတ်မောက်-မကွေးရထားလမ်း ၉၅ မိုင်၊ ထားဝယ်-မြိတ်ရထားလမ်း ၁၃၂ဒသမ ၅၀မိုင်၊ မင်းဘူး-အမ်း-ရေချမ်းပြင် ရထားလမ်း ၂၄၅ ဒသမ ၅၄မိုင်၊ ပုသိမ် (ဒါးက)-ရန်ကုန် ရထားလမ်း ၈၄မိုင်၊ ပြည် (ရွှေတံခါး)- တောင်ငူ (ကျေးတော)-နေပြည်တော်ရထားလမ်း မိုင်၁၂၀ တို့ကို ဖောက်လုပ်လျက်ရှိပြီး လားရှိုး-မူဆယ်ရထားလမ်း ၁၄၅မိုင်၊ ပဲခူး-ခရမ်း-သုံးခွ-သန်လျင် (အုတ်ဖိုစု) ရထားလမ်း ၆၇ဒသမ ၂၅ မိုင်နှင့် ကလေး-တမူး ရထားလမ်း ၈၄ဒသမ ၃၅ မိုင်တို့ကို ဖောက်လုပ်သွားရန် ရှိကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

...င်း ရထားလမ်းပိုင်းသစ်တွင် ရထား စတင်ပြေးဆွဲခုတ်မောင်းလာစဉ်။ (သတင်းစဉ်)

## မြန်မာ့အလင်း ဖောင်ပိတ်သတင်း

### အာဖဂန်တောင်ပိုင်း အသေခံဗုံးခွဲမှု အနည်းဆုံး ၁၆ ဦးသေဆုံးခဲ့

ကဘူးလ် နိုဝင်ဘာ ၂၀

**အာဖဂန်နစ္စတန်နိုင်ငံ ကဘူးလ်မြို့မြောက်ဘက်၌ ယာဉ်တန်းတစ်ခုကို နိုဝင်ဘာ ၂၀ရက်က အဝေးထိန်းခလုတ်ဖြင့် ဗုံးခွဲတိုက်ခိုက်ခဲ့ရာ အာဖဂန်လွှတ်တော်အမတ် ဆေယက် လွတ်မြောက်ခဲ့သော်လည်း သက်တော်စောင့် အနည်းဆုံး ငါးဦးသေဆုံးခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။**

**ထို့နောက် အစောပိုင်းက အာဖဂန်တောင်ပိုင်း၌ အသေခံဗုံးခွဲတိုက်ခိုက်ခဲ့သဖြင့် အနည်းဆုံး ၁၆ဦး သေဆုံးသွားခဲ့ကြောင်း၊ ယင်းတိုက်ခိုက်မှုမှာ ဖာရာမြို့ဈေး၌ ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း၊ သေဆုံးသူများတွင် အရပ်သားများ အများဆုံးဖြစ်ကြောင်း ရဲတပ်ဖွဲ့က ဆက်လက်ပြောကြားသည်။**

(အင်တာနက်)

## Computer Networking အခမဲ့ သင်ကြားပေးမည်

**ရန်ကုန် နိုဝင်ဘာ ၂၀**

ICT ဖွံ့ဖြိုးတိုးတက်စေရန်နှင့် မြန်မာလူငယ်များ နိုင်ငံတကာ အသိအမှတ်ပြု Network ပညာရှင်များ ဖြစ်စေရန်တို့အတွက် Net Info နည်းပညာသင်တန်းကျောင်းက Professional Networking ဘာသာရပ်များဖြစ်သည့် MCTS နှင့် MCITP Certificate သင်တန်းများကို အခမဲ့သင်ကြားပေးမည်ဖြစ်သည်။

**အခြေခံမှစ၍**

သင်ကြားလိုသူများသည် အသက် ၁၈ နှစ်မှ ၂၅ နှစ်အတွင်းဖြစ်ပြီး တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိ၍ ကွန်ပျူတာ ပညာဖြင့် Professional အဖြစ် လုပ်ကိုင်လိုသူဖြစ်ရမည် ဖြစ်သည်။ Computer Networking နည်းပညာများကို အခြေခံမှစ၍ အဆင့်မြင့်အထိ အသေးစိတ် လေ့လာသင်ယူရမည်ဖြစ်သည်။ သင်တန်းတွင် အမျိုးသား သုံးဦးနှင့် အမျိုးသမီး သုံးဦးတို့ကိုသာ ရွေးချယ်၍ သင်ကြားပေးမည်ဖြစ်သည်။ ရွေးချယ်ခံရသူများသည် Microsoft မှ ပေးအပ်သည့် နိုင်ငံတကာ အသိအမှတ်ပြု Computer Networking Certificate ခုနစ်ခုကိုရရှိရန် Net Info နည်းပညာသင်တန်းကျောင်းတွင် သင်တန်းခုနစ်ခု တက်ရောက်ရမည် ဖြစ်ပြီး သင်တန်းကာလနှင့် အလုပ်သင်ကာလမှာ စုစုပေါင်း ၁၈ လ ကြာမြင့်မည်ဖြစ်သည်။

**လျှောက်ထား**

သင်တန်း တက်ရောက်လိုသူများသည် Net Info နည်းပညာသင်တန်းကျောင်း ဖုန်း-၅၀၇၀၄၅၊ ၆၅၂၂၄၈ အဆောင်(၂)၊ အခန်း(၁)၊ မြန်မာအင်ဖိုတက်ခ် လှိုင်မြို့နယ် ရန်ကုန်မြို့သို့ နိုဝင်ဘာ ၂၇ရက် နောက်ဆုံးထား၍ လူကိုယ်တိုင် လျှောက်ထားရမည် ဖြစ်ကြောင်းသတင်းရရှိသည်။**(သတင်းစဉ်)**

### စုပေါင်းသန့်ရှင်း

ရမည်းသင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ရန်ကုန်-မန္တလေး လမ်းဘေးဝဲယာရှိ ချုံနွယ်များကို စုပေါင်း သန့်ရှင်းရေးဆောင်ရွက်ရာ ရမည်းသင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းနိုင် ကြီးကြပ်စဉ်။ (သတင်းစဉ်)

## မြန်မာ့အလင်း အင်တာနက်ကျန်းမာရေး

### ကိုယ်ခန္ဓာကျန်းမာရေးအတွက် ဆားလျှော့စားသုံးသင့်

*လူငယ်ခြောက်ဦးလျှင် တစ်ဦးသည် နေ့စဉ် အသင့်စားနိုင်သော အစားအစာများကို စားသုံးနေကြောင်း လေ့လာတွေ့ရှိရသည်။ ထိုသို့သော အစားအစာများတွင် ဆားအတော်များများ ပါဝင်ကြောင်း ဆယ်ကျော်သက်ရွယ် ထက်ဝက်ကသာ သဘောပေါက်ကြသည်။*

*မသိရှိ*

*အစားအစာတွင် ဆားများများပါလျှင် ကျန်းမာရေးထိခိုက်ကြောင်း ပြည်သူ ၉၀ရာခိုင်နှုန်းက သိကြသည်။ သို့သော် အရွယ်ရောက်သူများအနေဖြင့် တစ်နေ့လျှင် လက်ဖက်ရည်ဇွန်း တစ်ဇွန်းထက် ပိုမစားသုံးသင့်ကြောင်းကို ၄၀ရာခိုင်နှုန်းက မသိရှိကြကြောင်း တွေ့ရသည်။*

*ပေါင်ချိန်တက်*

*ဆားများများစားပြီး ကိုယ်လက်လှုပ်ရှား လေ့ကျင့်ခန်းမပြုလုပ်လျှင် ပေါင်ချိန်တက်ကာ လေဖြတ်နိုင်သည်။ ထို့ကြောင့် ဆားလျှော့စားသင့်သည်။*

*ကိုယ်လက်လှုပ်ရှား*

*ရက်သတ္တပတ်လျှင် ငါးကြိမ်မျှ ကိုယ်လက်လှုပ်ရှား လေ့ကျင့်ခန်းလုပ်ရန် လိုအပ်သည်။ လေ့ကျင့်ခန်းတစ်ခါလုပ်လျှင် နာရီဝက်ခန့် ပြုလုပ်သင့်ကြောင်း အကြံပြုထားသည်။*

**မိတ္ထီလာမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့မဈေးအတွင်း ခြင်၊ ယင် မပေါက်ပွားစေရေး၊ ရေစီးရေလာကောင်းမွန်စေရေးတို့အတွက် အောက်တိုဘာ ၂၅ရက်က ဈေးကြီးအတွင်း၊အပြင်ရှိ ရေမြောင်းများ ဆယ်ယူခြင်း၊ ခြင်ဆေးဖျန်းခြင်း လုပ်ငန်းများကို စည်ပင်ဈေးဝန်ထမ်းများ စုပေါင်းဆောင်ရွက်ကြစဉ်။**

(မြို့နယ်စည်ပင်)

## မြောက်ပိုင်းဒေသများ၌ မိုးအနည်းငယ်ရွာနိုင်

နေပြည်တော် နိုဝင်ဘာ ၂၀

**ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်မှာ** လွန်ခဲ့သော ၂၄ နာရီအတွင်းက ချင်းပြည်နယ်တွင် နေရာစိပ်စိပ်၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းနှင့် မန္တလေးတိုင်းတို့တွင် နေရာကျဲကျဲ၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့သည်။ ညအပူချိန်များမှာ တနင်္သာရီတိုင်းတွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်အောက် ၅ဒီဂရီစင်တီဂရိတ်လျော့နည်းခဲ့ပြီး ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် ပဲခူးတိုင်းတို့တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီ စင်တီဂရိတ်အထိ၊ ရှမ်းပြည်နယ်နှင့် မန္တလေးတိုင်းတွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်တို့ထက် ၅ဒီဂရီစင်တီဂရိတ်ပိုခဲ့ကာ ကျန်ဒေသများတွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။ ထူးခြားသည့် ညအပူချိန်မှာ ဟားခါးမြို့တွင် ၁၀ဒီဂရီစင်တီဂရိတ် ဖြစ်သည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ မိုးကုတ်မြို့တွင် ၁ဒသမ ၅၃လက်မ၊ ပြင်ဦးလွင်မြို့တွင် ၁ဒသမ ၃၄လက်မ၊ ဖလမ်းမြို့တွင် ၁ဒသမ ၂၆လက်မ၊ လားရှိုးမြို့တွင် ၁ဒသမ ၁၄လက်မ၊ ပုသိမ်မြို့တွင် ၁ဒသမ ၀၉လက်မ၊ မောင်တောမြို့တွင် ၀ဒသမ ၇၉လက်မ၊ ကန့်ဘလူမြို့တွင် ၀ဒသမ ၇၅လက်မနှင့် ရန်ကုန်(မင်္ဂလာဒုံ) ၀ဒသမ ၆၃လက်မတို့ ဖြစ်ကြသည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ** ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

**နိုဝင်ဘာ ၂၁ရက် ညနေအထိ ခန့်မှန်းချက်မှာ** ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်ပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ ရွာရန်ရာနှုန်း ၆၀ဖြစ်သည်။

**မြန်မာ့ပင်လယ်ပြင်တွင်** မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ အရှေ့ဘက်မှ လေပြင်းများ တိုက်ခတ်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ လေပြင်းတိုက်ခတ်စဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

**နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ** မြန်မာနိုင်ငံမြောက်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးအနည်းငယ် ဆက်လက်ရွာနိုင်သည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ခန့်မှန်းချက်မှာ** တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ခန့်မှန်းချက်မှာ** တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ခန့်မှန်းချက်မှာ** တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**နိုဝင်ဘာ စတုတ္ထ ရက်သတ္တပတ်ကုန် ရက်များအတွက် မိုးလေဝသခန့်မှန်းချက်မှာ** လာမည့် သီတင်းပတ်ကုန်ရက်များအတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းနှင့် မန္တလေးတိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

# စိတ်ကျန်းမာရေး အလေးပေးဖော်ဆောင်

## ကြည်ဖြူခင် (မုံရွာ)

မြတ်ဗုဒ္ဓက ကံ၊ စိတ်၊ ဥတု၊ အာဟာရဟု မြွက်ကြားခဲ့သည်။ ကံဆိုသည်မှာ အလုပ်ဖြစ်၏။ ကောင်းတာကြံ၊ မှန်တာလုပ်၊ ဟုတ်တာပြောလျှင် ကောင်းသောအလုပ် ကောင်းသောကံဖြစ်၏။ စိတ်ဆိုသည်မှာ မကောင်းမှုရှောင်၊ ကောင်းမှုဆောင်၊ ဖြူအောင်စိတ်ကိုထားဟု ဆိုလိုသည်။ ဥတုမှာ မပူလွန်း၊ မအေးလွန်း အပူအအေးမျှတမှုကို ဆိုလိုရင်းဖြစ်ပါသည်။ အာဟာရမှာမူ နေ့စဉ်စားသုံးသည့်ထမင်းကို ဗိုက်ပြည့်သည်အထိ မစားဘဲ ငါးလုတ်စာမျှချန်၍ စားပြီး ရေအဝသောက်ရန်ဖြစ်သည်။

ကမ္ဘာတွင် စိတ်မကျန်းမာသူများ သန်းနှင့်ချီ၍ရှိပါသည်။ မြန်မာနိုင်ငံတွင်လည်း ပြည်သူ့ကျန်းမာရေးပြဿနာထဲတွင် တစ်ခုအပါအဝင်အဖြစ် ပြုစုကုသစောင့်ရှောက်ပေးနေကြရပါသည်။ ပြည်နယ်နှင့်တိုင်း အသီးသီးတွင် စိတ်ကျန်းမာရေး အထူးကုဆရာဝန်ကြီးတစ်ဦးစီထားရှိ၍ အခြေခံလူတန်းစားများ သွားရောက်ပြသ ကုသမှုခံယူနိုင်အောင် စီစဉ်ထားရှိပြီးဖြစ်သည်။

ပဏာမကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းစဉ်(၉)ချက်တွင် ပဏာမ စိတ်ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းလည်း ပါဝင်သည်။ အခြေခံကျန်းမာရေးဝန်ထမ်းအသီးသီးမှာလည်း လူထုကြားမှာ ဖြစ်ပျက်နေသော စိတ်ကျန်းမာရေး ပြဿနာအမျိုးမျိုးကို တွေ့ရှိလျှင် သက်ဆိုင်ရာ အထက်အဆင့်သို့ လွှဲပြောင်းကုသမှုခံယူစေပြီး မိသားစုအတွင်း ပြန်လည်ရောက်ရှိလာလျှင်လည်း မိသားစုဝင်များနှင့်အတူ ပုံမှန်ဘဝသို့ရောက်ရှိသည်အထိ ဆက်လက်ပြုစုစောင့်ရှောက်မှုပေးကြသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ချုပ်က ကမ္ဘာ့စိတ်ကျန်းမာရေးနေ့များကို နှစ်စဉ် အောက်တိုဘာလ ၁၀ရက်နေ့ရောက်တိုင်း ဆောင်ပုဒ်တစ်ခုခုသတ်မှတ်၍ကျင်းပလေ့ရှိသည်။ ၎င်းနေ့များတွင် စိတ်ကျန်းမာရေးနှင့် သိမှတ်စရာအဖြာဖြာ ပညာပေးဟောပြောပွဲများ၊ စိတ်ကျန်းမာမှုကာကွယ်ရေးနှင့် ကုသရေးလုပ်ငန်းဌာနများတွင် ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်ခြင်းတို့ကို ပြုလုပ်ကြသည်။ WHO စာရင်းဇယားများအရ ၂၀၀၂ခုနှစ်တွင် ကမ္ဘာ့အဝန်း ၁၅၄သန်းမှာ စိတ်ရောဂါအမျိုးမျိုးထဲမှ စိတ်ကျရောဂါဝေဒနာ ခံစားနေကြရကြောင်း သိရှိရသည်။ (World Mental Health Day Page 1of 1) တွင် ဖော်ပြထားခြင်းဖြစ်သည်။

၂၀၀၀ပြည့်လွန်နှစ် တစ်ခု၏ ဆောင်ပုဒ်တစ်ခုမှာ "စိတ်ကျန်းမာမှု ဂရုပြု၊ ရဲဝံ့ကြင်နာစောင့်ရှောက်ပါ" "Mental Health Stop Exclusion: Dare to Care (WHO)" ဖြစ်ပြီး ၂၀၀၉ခုနှစ် ဆောင်ပုဒ်မှာ "Mental Health in Primary Care: Enhancing Treatment and Promoting Mental Health" ပဏာမ စိတ်ကျန်းမာရေးစောင့်ရှောက်မှု တိုးတက်သော ကုသမှုနှင့် စိတ်ကျန်းမာရေးမြှင့်တင်ပေးခြင်းဟု ဆိုလိုသည်။

စိတ်ကို စိတ်သာရှင်စောဘုရားဟော၊ စိတ်ထောင်းကိုယ်ကြေ၊ စိတ်ပျိုကိုယ်နု၊ ပျော်ပျော်နေသေခဲဟူ၍ အမျိုးမျိုးဖွင့်ဆိုကြသည်။ တစ်နေ့တစ်ခါ ရယ်စရာကြုံလျှင် ပိုမိုအသက်ရှည်စေသည်ဟုလည်း မှတ်သားဖူးပါသည်။ လူကြီးသူမများအား ကန်တော့သည့်အခါ စိတ်ချမ်းသာ ကိုယ်ကျန်းမာ၍ မိမိတို့ ခန္ဓာဝန်ကို ထမ်းရွက်နိုင်ပါစေဟု ဆုပေးလေ့ရှိပါသည်ကိုလည်း မကြာခဏ ကြားဖူး၍ စိတ်ကျန်းမာရေးသည် အရေးပါကြောင်း လူတိုင်းသိရှိကြပြီး ဖြစ်သည်။

စိတ်ကျန်းမာရေးကုထုံး၏ အဓိကသော့ချက်မှာ တိကျသောရောဂါ အမည်တပ်နိုင်မှု (Final Diagnosis)၊ ကုသမှုနှင့် နွေးထွေးသော ပြုစုစောင့်ရှောက်မှုဖြစ်ပြီး လက်ရှိဖြစ်ပျက်နေသော စိတ်ပိုင်း၊ ရုပ်ပိုင်းဆိုင်ရာ ကျန်းမာရေးပြဿနာများကို ပိုမိုကောင်းမွန်လာအောင်၊ ပုံမှန်ဘဝပြန်ရောက်အောင် ပြုစုစောင့်ရှောက်မှုပေးခြင်းပင် ဖြစ်သည်။

၂၀၀၉ခုနှစ် ကမ္ဘာ့စိတ်ကျန်းမာရေးနေ့၏အဓိကရည်ရွယ်ချက်မှာ ယခုနှစ် ဆောင်ပုဒ်နှင့်ပတ်သက်၍ ကမ္ဘာတစ်ဝန်းမှလူနာများနှင့် မိသားစုများ၊ အသိပေးရှင်းလင်းရေးအဖွဲ့များအနေဖြင့် ယခုနှစ်ဆောင်ပုဒ်အကြောင်း သိမှတ်စရာအဖြာဖြာ သတင်းအချက်အလက်များကို အလွယ်တကူလက်လှမ်းမီစွာ သိရှိစေရေးပင် ဖြစ်သည်။

ပဏာမ စိတ်ကျန်းမာရေးစောင့်ရှောက်မှုကို လူအများနှင့် စတင်ဆောင်ရွက်ပြီး လူထုအနေဖြင့် လိုအပ်သော စိတ်ကျန်းမာရေးစောင့်ရှောက်မှုကို လက်လှမ်းမီစွာရရှိစေသလို စိတ်ကျန်းမာရေး စောင့်ရှောက်မှုဌာနများသည် ၎င်းတို့နေအိမ်များနှင့် နီးကပ်စွာရှိနေခြင်းအားဖြင့် လူနာများကို မိသားစု အဖွဲ့ဝင်များနှင့် အတူတကွ နေထိုင်နိုင်စေပြီး မိသားစုများအနေဖြင့် နေ့စဉ်လုပ်ငန်းဆောင်တာများကိုလည်း ပုံမှန်ဆောင်ရွက်နိုင်ကြပါသည်။ တခြားတစ်ဖက်မှကြည့်လျှင် ဝေးလံသော အရပ်များမှာရှိသည့် အထူးကုဆရာဝန် ပြသရမှုကုန်ကျစရိတ်လည်း သက်သာသွားပါသည်။

ကမ္ဘာတစ်ဝန်းမှ စိတ်မကျန်းမာသူများအား အသက်အရွယ်အားဖြင့်သော်လည်းကောင်း၊ ယဉ်ကျေးမှုအရသော်လည်းကောင်း၊ တစ်ဦးချင်း၏ စိတ်ကျန်းမာရေးအရသော်လည်းကောင်း ခွဲခြားဆက်ဆံမှု မရှိစေရဘဲ အကောင်းမြင်ဝါဒရှိဖို့ အထူးလိုအပ်ပါသည်။ ၂၀၀၉ခုနှစ် World Mental Health Day သည် စိတ်ကျန်းမာရေး ပြုစုစောင့်ရှောက်မှုလုပ်ငန်းကို ပဏာမ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းစဉ်(၉)ချက်တွင် ပူးပေါင်းလုပ်ဆောင်စေခြင်းဖြင့် မိသားစုနှင့် အတူနေ စိတ်မကျန်းမာသူများ၊ မိသားစုများ၊ ကျန်းမာရေးစောင့်ရှောက်မှုပေးနေသူများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် အကူအညီအထောက်အပံ့ ပေးနေသူများအား အခွင့်အရေးများနှင့် စိန်ခေါ်မှုများကို မီးမောင်းထိုးပြနေပါသည်။

စိတ်မကျန်းမာသူ လူနာများနှင့် ပြုစုစောင့်ရှောက်မှုပေးနေသည့် မိသားစုဝင်များ သိမှတ်ထားသင့်သည့် အချက်အလက်အချို့မှာ -

- ***စိတ်ရောဂါများသည် ဆေးကုသ၍ ပျောက်ကင်းနိုင်သော ရောဂါများ ဖြစ်ပါသည်။***
- ***ရောဂါသက်သာလာသော်လည်း ဆေးကိုရပ်မပစ်ဘဲ ကြာရှည်သောက်ပေးပါက ရောဂါပြန်ဖြစ်ရန် ခဲယဉ်းပါသည်။***
- ***စိတ်ရောဂါကုဆေးများသည် စွဲစေတတ်သောဆေးများ မဟုတ်ပါ။***
- ***ဆေးများကို အတိုးအလျှော့လုပ်သင့် မလုပ်သင့်၊ ရပ်သင့် မရပ်သင့် စသည်တို့အတွက် သက်ဆိုင်ရာ ဆရာဝန်ကြီးများထံ အကြံဉာဏ်တောင်းပါ။***
- ***တစ်ခါတစ်ရံ ဆေးသောက်ပြီးစအချိန်၌ လျှာလေးအာလေးဖြစ်ခြင်း၊ ခြေလက်များပျော့ခွေခြင်း၊ မူးနောက်ခြင်းတို့ဖြစ်ပါက စိုးရိမ်ရန် မလိုပါ။ ခေတ္တအနားယူလိုက်ပါ။ သက်သာသွားပါမည်။***
- ***ညဆေးကြောင့် အအိပ်များလျှင် မစိုးရိမ်ပါနှင့်၊ အိပ်နေလျှင်နှိုးပြီး ဆေးမတိုက်ရ။***
- ***သင်နှင့်သင့်သော၊ မသင့်သောဆေးများကို လိုအပ်သလိုချိန်ဆပေးနိုင်ရန် လူနာဆေးမှတ်တမ်းစာအုပ်သည် သင့်အတွက် တန်ဖိုးမဖြတ်နိုင်ပါ။***

နေ့စဉ်လူနေမှုဘဝဟန် Healthy Life Style ရရှိရေးအတွက် နံနက်စောစောထ လမ်းလျှောက်ခြင်း၊ မိမိနှင့် သင့်တော်သော ကိုယ်လက်လှုပ်ရှားမှု လေ့ကျင့်ခန်း မိနစ် ၂၀ (သို့) နာရီဝက်ခန့်ပြုလုပ်ခြင်း၊ နံနက်စောစော ရေများများသောက်ခြင်း၊ မိမိတို့ ယုံကြည်ကိုးကွယ်ရာ ဘာသာတရားအလိုက် တရားထိုင်ခြင်း၊ ဘုရားရှိခိုးကျောင်းသွားခြင်း၊ နေ့စဉ် နေ့လယ်ပိုင်း တစ်နာရီခန့်နားနေ၊ အိပ်စက်ခြင်း၊ နေ့စဉ်ကျန်းမာရေးနှင့် ညီညွတ်သော အစားအစာ၊ အသီးအနှံ၊ အသီးအရွက်များ များများစားသောက်၍ အချို၊ အဆီ၊ အငန်များသော အစားအစာများရှောင်ကြဉ်ခြင်း၊ အရက်၊ ဆေးလိပ်၊ ကွမ်း၊ လိင်အပျော်အပါးရှောင်ကြဉ်ခြင်း၊ TVကြိုက်နှစ်သက်ရာ အစီအစဉ်ကြည့်ရှုခြင်း၊ စာဖတ်ခြင်း၊ ဝါသနာပါရာ အားကစားလုပ်ခြင်း၊ မိသားစုပျော်ရွှင်စွာ ဆက်ဆံပြောဆိုခြင်း၊ တစ်ခါတစ်ရံ ခရီးသွားခြင်းတို့သည် စိတ်ဖိစီးမှုမဖြစ်စေဘဲ ဘဝသက်တမ်းရှည်စေသည်။

နိဂုံးချုပ်အနေဖြင့် ကမ္ဘာ့အရပ်ရပ်ရှိ စိတ်ကျန်းမာရေးဆိုင်ရာ လူထုအနေဖြင့် စိတ်ကျန်းမာရေးလုပ်ငန်းများအတွက် လုပ်ငန်းတာဝန်များ ခွဲဝေချထားမှုမှာ ခက်ခဲစွာရုန်းကန်ခဲ့ရသော လုပ်ငန်းတစ်ခုဖြစ်ကြောင်းကို ယခင်က ပြုပြင်ပြောင်းလဲရန် ကြိုးပမ်းမှုများကတစ်ဆင့် သိရှိခဲ့ကြရပြီး ဖြစ်သည်။ ထိရောက်သော စိတ်ကျန်းမာရေးဆိုင်ရာ စုပေါင်းဆောင်ရွက်မှုကို ပဏာမ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းစဉ်အောက်တွင် ဆောင်ရွက်ရခြင်းမှာ ကမ္ဘာ့စီးပွားရေးအခြေအနေနှင့် လူမှုဆက်ဆံရေး အခက်အခဲများကြောင့် ကြီးစွာသော တာဝန်တစ်ရပ်ဖြစ်နေပေလိမ့်မည်။ သို့ရာတွင် ဤစိန်ခေါ်မှုကိုကောင်းစွာ နားထောင်ခြင်း၊အဆင်ပြေအောင် ကောင်းစွာဆောင်ရွက်ခြင်းအားဖြင့် ယခင်က အောင်မြင်ခဲ့ဖူးသော အချိန်များရှိခဲ့ဖူးကြောင်းကို အစဉ်သတိရနေလျက် စိတ်ကျန်းမာရေးဆိုင်ရာလုပ်ငန်းများ အစဉ်တိုးတက်ကောင်းမွန်သည်ထက် ကောင်းမွန်အောင်၊ ကျန်းမာသော လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်အောင် ကျန်းမာရေး ဝန်ထမ်းတိုင်း၊ လူတိုင်းနှင့် မိသားစုဝင်တိုင်းက အပြုံး(Smile) ကိုယ်စီဖြင့်၊ နွေးထွေးသော ဆက်ဆံရေးဖြင့်ယုယကြင်နာစွာ အလေးပေးပြုစု ကုသစောင့်ရှောက်ကြရန် လိုအပ်ပါကြောင်း တင်ပြအပ်ပါသည်။ ။

**ကမ္ဘာတစ်ဝန်းမှ စိတ်မကျန်းမာသူများအား အသက်အရွယ် အားဖြင့်သော် လည်းကောင်း၊ ယဉ်ကျေးမှုအရသော် လည်းကောင်း၊ တစ်ဦးချင်း၏ စိတ်ကျန်းမာရေးအရသော် လည်းကောင်း ခွဲခြား ဆက်ဆံမှုမရှိစေရဘဲ အကောင်းမြင်ဝါဒရှိဖို့ အထူးလိုအပ်။**

## မြန်မာ့အလင်း အမြို့မြို့အနယ်နယ် လိုတိုရှင်းသတင်းများ

### ရွှေလင်းမွေးမြူကုန်ထုတ် သမဝါယမစည်းဝေး

*ကောလင်းမြို့နယ် သမဝါယမဦးစီးဌာနက ကြီးမှူး၍ ရွှေလင်းမွေးမြူကုန်ထုတ် သမဝါယမလီမိတက်၏ ၂၀၀၉-၂၀၁၀ အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို နိုဝင်ဘာ ၇ရက်က မြို့နယ်သမဝါယမဦးစီးဌာနခန်းမ၌ကျင်းပရာ ဒါရိုက်တာ ဥက္ကဋ္ဌဦးခင်မောင်ညီနှင့် မြို့နယ်ဦးစီးအရာရှိ ဒေါ်ခင်ဝိုင်းတို့က အမှာစကားပြောကြားကြပြီး တက်ရောက်လာသူများက အသင်း၏အခြေအနေများကို ဆွေးနွေးကြသည်။ (ဝ၃၂)*

### မိုးကောင်း၌ စာစီစာကုံးပြိုင်ပွဲဆုရသူများ ဆုချီးမြှင့်

*(၈၉)နှစ်မြောက် အမျိုးသားနေ့အခမ်းအနားကို နိုဝင်ဘာ ၁၁ရက် နံနက် ၉နာရီက ကချင်ပြည်နယ် မိုးကောင်းမြို့ အထက(၁) မဏ္ဍပ်သဘင်ခန်းမ၌ကျင်းပရာ ကျောင်းသားကျောင်းသူလေးများက ပြည်မြန်မာသီချင်းဖြင့် သီဆို၍ အခမ်းအနားကို ဖွင့်လှစ်ပြီး အမျိုးသားနေ့သဝဏ်လွှာကို မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးမောင်မူက ဖတ်ကြားသည်။ ထို့နောက် အမျိုးသားနေ့ အထိမ်းအမှတ် စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲတွင် ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြသည်။* **(မြို့နယ် ပြန်/ဆက်)**

### ကန့်ဘလူ၌ ထွေ/အုပ်ဦးစီးဌာန မိသားစုနေ့ကျင်းပ

***စစ်ကိုင်းတိုင်း ကန့်ဘလူမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မိသားစုနေ့ အခမ်းအနားကို နိုဝင်ဘာ ၇ရက် နံနက် ၈နာရီက ကန့်ဘလူမြို့ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးခန်းမ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝေမျိုးခိုင်က အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန မိသားစုနေ့အကြောင်း ရှင်းလင်းဆွေးနွေးပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝေမျိုးခိုင်နှင့် တာဝန်ရှိသူများက ထူးချွန်ဝန်ထမ်းများအား ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်ကြသည်။*** (ဝ၂၇)

### ဟိုပန်မြို့၌ ကတ္တရာခင်းရန်ကျောက်စုဆောင်း

*ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွမ်းလုံခရိုင် ဟိုပန်မြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၉-၂၀၁၀ဘဏ္ဍာရေးနှစ်ခွင့်ပြုရန်ပုံငွေမှ ကောင်းဟုန်းရပ်ကွက် ဗိုလ်ဆွန်ပက်လမ်း ကတ္တရာခင်းရန် ကျောက်စုဆောင်းမှုကို အောက်တိုဘာ၃၀ရက်က ပြည်နယ်ဒုတိယ အင်ဂျင်နီယာမှူးကြီးဦးဝင်းရွှေ ကွင်းဆင်းစစ်ဆေးသည်။* **(မြို့နယ် ပြန်/ဆက်)**

### သဲကုန်းမြို့နယ် အင်းမဈေး၌ အိုင်အိုဒင်းဆားစစ်ဆေး

***သဲကုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် အင်းမဈေးအတွင်း ရောင်းချလျက် ရှိသော ကုန်မျိုးစုံဆိုင်များတွင် အိုင်အိုဒင်းဆားများ ရောင်းချမှုရှိမရှိကို နိုဝင်ဘာ ၂ရက်က အမှုဆောင်အရာရှိ ဦးမောင်မောင်သွင်နှင့် ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြသည်။*** (မြို့နယ်စည်ပင်)

### စာငှားကတ်စနစ်ကျင့်သုံးရေး ခန္တီး၌ဆွေးနွေး

*ခန္တီးမြို့နယ် ကောင်းမှုကျေးရွာ ပုညကာရီ စာကြည့်တိုက်၌ စာငှားကတ်စနစ် ကျင့်သုံးရေး အလုပ်ရုံဆွေးနွေးပွဲကို အောက်တိုဘာ ၃၁ ရက်ကကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးထွန်းသိန်းက ပညာဘဏ်တိုက်စာကြည့်တိုက်၏ အကျိုးကျေးဇူးများကို ဆွေးနွေးပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးမြင့်သိန်းစိုးက စာငှားကတ်စနစ်ကျင့်သုံးရေးအကြောင်း ဆွေးနွေးသည်။* **(ခရိုင် ပြန်/ဆက်)**

### ကျန်းမာရေးစောင့်ရှောက်မှု ဆရာဖြစ်သင်တန်းပို့ချ

***မြင်းခြံခရိုင် အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့တို့ ကြီးမှူးကျင်းပသော ကျန်းမာရေးစောင့်ရှောက်မှု ဆရာဖြစ်သင်တန်းကို နိုဝင်ဘာ ၁၁ ရက် မွန်းလွဲ ၁ နာရီက ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ဒေါက်တာဒေါ်အေးအေးသန်းက သားဆက်ခြားအကြောင်း၊ ဒေါက်တာမင်းရွှေက အေအိုင်ဒီအက်စ်အကြောင်း၊ ဒေါက်တာကျော်စံဝင်းက တီဘီရောဂါအကြောင်း၊ ဒေါက်တာဝင်းနိုင်ဦးက အနာကြီးရောဂါအကြောင်း၊ ဒေါက်တာစိုးပိုင်က ကြက်ငှက်တုပ်ကွေးရောဂါအကြောင်းနှင့် ခရိုင်ဆရာဝန်ကြီး ဒေါက်တာဝင်းအောင်က အမျိုးသမီးနှင့်ကလေးကျန်းမာရေးအကြောင်း သင်ကြားပို့ချသည်။*** (ခရိုင် ပြန်/ဆက်)

### မိခင်/ကလေးများအတွက် ဗဟုသုတသင်တန်းဖွင့်

*မန္တလေးတိုင်း ချမ်းမြသာစည်မြို့နယ် ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကိုယ်ဝန်ဆောင်စဉ်၊ မွေးဖွားစဉ်၊ မွေးပြီး မိခင်နှင့် မွေးကင်းစ ကလေးပြုစုစောင့်ရှောက်ခြင်း ဗဟုသုတသင်တန်းကို အောက်တိုဘာ ၂၄ ရက်က ဖွင့်လှစ်ရာ မြို့နယ်ကျန်းမာရေးဦးစီးမှူး ဒေါက်တာလင်းလင်းချစ်နှင့် မိခင်နှင့်ကလေးဆရာဝန် ဒေါက်တာခင်ဝါလှိုင်တို့က သင်တန်းပို့ချကြသည်။* **(ဝ၉၂)**

### မင်းတပ်ခရိုင် ပြန်/ဆက်၌ စာဖတ်ဝိုင်းဖွဲ့ဆွေးနွေး

***မင်းတပ်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဝန်ထမ်းများ စာဖတ်စွမ်းရည်မြင့်မားရေး စာဖတ်ဝိုင်းဖွဲ့ဆွေးနွေးပွဲကို နိုဝင်ဘာ ၁၀ရက်နံနက် ၁၀နာရီက ခရိုင်ဦးစီးအရာရှိ ရုံးခန်း၌ကျင်းပရာ ဒို့ကျေးရွာဂျာနယ်ပါ ဆောင်းပါးရှင်ဗညားအောင်၏ တည်ငြိမ်အေးချမ်းမှုမှသည် ဒီမိုကရေစီသို့ ဆောင်းပါးကို ရုပ်သံကျွမ်းကျင်-၃ ဒေါ်ထန်းပိုင်နှင့် ဆောင်းပါးရှင် ညွန့်ဦးစိုး၏ ပြည်သူတို့၏ဆန္ဒနှင့်အညီ ဆောင်းပါးကို အငယ်တန်းစာရေးဒေါ်နီလာဝင်းတို့က ဖတ်ကြားဆွေးနွေးကြသည်။*** (ခရိုင် ပြန်/ဆက်)

### မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးဟောပြော

*ဖလမ်းမြို့ အမျိုးသမီးရေးရာအဖွဲ့ကဦးစီးသော မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး ပညာပေးဟောပြောပွဲများကို နိုဝင်ဘာ ၁၁ ရက် နံနက် ၁၀ နာရီက အထက(၁) ရှလွယ်ခန်းမနှင့် မွန်းလွဲ ၂ နာရီတွင် အခြေခံပညာ အလယ်တန်းကျောင်း ပညာ့အလင်းခန်းမတို့၌ကျင်းပရာ အခမ်းအနားများတွင် ဖလမ်းခရိုင်အမျိုးသမီးရေးရာ အဖွဲ့ဥက္ကဋ္ဌဒေါ်ရင်သိန်းက အမှာစကားပြောကြားပြီး အထကကျောင်း၌ အထက်တန်းပြ ဆရာမ ဒေါ်နယ်အုပ်နှင့် အခြေခံပညာအလယ်တန်းကျောင်း၌ ဆရာမဒေါ်ဆန်းနယ်သိမ်းတို့က ဟောပြောကြသည်။* **(ခရိုင် ပြန်/ဆက်)**

ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား

# အာဆင်နယ်အတွက် အီဒူယာဒို

☆ မောင်မောင်မြင့်ဆွေ ရေးသား၍ ဇင်မင်းသန့် (မြန်မာ့အလင်း) စာမျက်နှာဖွဲ့စည်းသည် ☆

လန်ဒန် နိုဝင်ဘာ ၂၀

**အသက်၂၆နှစ်ရှိတဲ့ ဘရာဇီးနွယ်ဖွား ခရိုအေးရှားတိုက်စစ်မှူးနဲ့ အာဆင်နယ်တိုက်စစ်မှူး အီဒူယာဒိုကို လေးနှစ်စာသက်တမ်း စာချုပ်သစ်တစ်ရပ် ထပ်မံချုပ်ဆိုလိုက်တာမို့ အီဒူယာဒိုဟာ ၂၀၁၃ခုနှစ်အထိ အာဆင်နယ်မှာ ဆက်လက်ကစားရမှာ ဖြစ်ပါတယ်။**

### အချိန်ကြာကြာရှိသင့်

အီဒူယာဒိုလို တိုက်စစ်မှူးမျိုးဟာ အာဆင်နယ်အသင်းမှာ အချိန်ကြာကြာရှိသင့်တဲ့ ကစားသမားဖြစ်ပါတယ်။ အခုလို နှစ်ရှည်စာချုပ်ချုပ်ဆိုနိုင်လို့ အတိုင်းမသိဝမ်းသာရပါတယ်လို့ နည်းပြအာစင်ဝင်းဂါးက နိုဝင်ဘာ ၂၀ရက်မှာ ထုတ်ဖော်ပြောကြားလိုက်ပါတယ်။

### ခေါ်ယူ

အသက် ၂၆နှစ်ရှိပြီဖြစ်တဲ့ အီဒူယာဒိုဟာ ဘရာဇီးမှာ မွေးဖွားခဲ့တာ မှန်ပေမယ့် ခရိုအေးရှားနိုင်ငံသားအဖြစ် ကြီးပြင်းခဲ့တာမို့ ခရိုအေးရှား တိုက်စစ်မှူးဖြစ်လာသူ တစ်ဦးပဲ ဖြစ်ပါတယ်။ အသက် ၂၁နှစ်အောက် ခရိုအေးရှား ဘောလုံးအသင်းမှာ ပါဝင်ကစားနေကတည်းက အာစင်ဝင်းဂါးက သဘောကျနေပြီး ၂၀၀၇ခုနှစ်မှာ အာဆင်နယ်ကို ရောက်အောင် ခေါ်ယူခဲ့ခြင်းဖြစ်ပါတယ်။

### ကစားခဲ့

အီဒူယာဒိုဟာ အခုအချိန်အထိ ကလပ်ပွဲပေါင်း ၅၉ပွဲ ကစားခဲ့ပြီး စုစုပေါင်းသွင်းဂိုးကတော့ ၂၅ဂိုးဖြစ်ပါတယ်။ မိခင် ခရိုအေးရှားအသင်းနဲ့ ၂၃ပွဲ ကစားပေးထားပြီး ၁၈ဂိုး သွင်းယူပေးထားနိုင်တဲ့ တိုက်စစ်မှူးကောင်းတစ်ဦး ဖြစ်ပါတယ်။ ဥရောပနဲ့ အခြားပွဲတွေကတော့ စုစုပေါင်း ၂၃ပွဲ ကစားခဲ့သူ တိုက်စစ်မှူးပါပဲ။

### အာဆင်နယ်

၂၀၀၇ခုနှစ်မှာ အာဆင်နယ်ကိုရောက်ရှိခဲ့ပြီး အခုအချိန်အထိ ဘောလုံးပွဲပေါင်း ၄၇ပွဲ ကစားခဲ့ပြီး စုစုပေါင်း ၁၈ဂိုးသွင်းယူပေးခဲ့ဖြစ်တယ်။ ပရီမီယာလိဂ်မှာ ၂၅ပွဲ ကစားပေးအပြီး ခြောက်ဂိုး သွင်းယူပေးနိုင်ခဲ့ပါတယ်။

### သွင်းယူ

ဒါ့အပြင် အီဒူယာဒိုဟာ အက်ဖ်အေနဲ့ လိဂ်ဖလားပွဲတွေမှာ ငါးပွဲကစားပေးခဲ့ပြီး လေးဂိုး သွင်းယူပေးနိုင်ခဲ့ပါတယ်။ တစ်ဖန် အာဆင်နယ်အသင်းနဲ့အတူ ဥရောပပွဲတွေ ၁၁ပွဲကစားခဲ့ပြီး လေးဂိုးသွင်းယူနိုင်ခဲ့ပါတယ်။ ခြေထောက်ကျိုးသွားတဲ့ဒဏ်ရာကြောင့် ပရီမီယာလိဂ်ပွဲစဉ်တွေ အတော်များများမှာ ပါဝင်ကစားနိုင်ခြင်း မရှိခဲ့ပါဘူး။ ဒဏ်ရာသက်သာပျောက်ကင်းဖို့ အနည်းဆုံးတစ်နှစ်ခန့်ကြာအောင် ခွဲစိတ်ကုသရမယ့် အနေအထားဖြစ်ပါတယ်။

### ဘောလုံးရာသီ

ဒီနှစ်ဘောလုံးရာသီမှာ အာဆင်နယ်အတွက် ၁၃ပွဲ ကစားပေးထားပြီး သုံးဂိုးသွင်းယူပေးထားပါတယ်။ အခု ဒဏ်ရာရရှိနေတဲ့သူ့ရဲ့ခြေထောက်ကို ခွဲစိတ်ကုသရတော့မှာ ဖြစ်တယ်။ ဒဏ်ရာသက်သာပျောက်ကင်းတာကို ထည့်တွက်ရင် အနည်းဆုံး သုံးလလောက် လွဲရမယ့်သဘောပါပဲ။

### မလွယ်

အီဒူယာဒိုနဲ့အတူ အာဆင်နယ်မှာ ဒဏ်ရာရနေတဲ့ ကစားသမားတွေကတော့ ဗန်ပါစီ၊ ဘင့်တနာနဲ့ ဝေါကော့တို့ပဲဖြစ်ပါတယ်။ သူတို့အားလုံးဟာ ဒဏ်ရာ ကိုယ်စီရရှိထားတာမို့ လာမယ့်ပရီမီယာလိဂ်ပွဲတွေမှာ ပါဝင်ကစားနိုင်ဖို့တော့ မလွယ်ပါဘူး။

### စောင့်ကြည့်ရ

ဘယ်လိုပဲဖြစ်ဖြစ် အာဆင်နယ်အသင်းမှာတော့ တိုက်စစ်မှူးအီဒူယာဒို နှစ်ရှည်စာချုပ် ချုပ်တော့မယ်ဆိုတော့ အာဆင်နယ်ကို အောင်မြင်မှုတွေရရှိနိုင်အောင် ဘယ်လို ဆောင်ကြဉ်းနိုင်မလဲဆိုတာ စောင့်ကြည့်ရမှာဖြစ်ပါတယ်။ ။

# အဲဗာတန်နှင့်ကစားမည့် ပရီမီယာလိဂ်ပွဲ နည်းပြကြီးဖာဂူဆန် မန်ယူကို ကြီးကြပ်ခွင့်ရမည်

**လန်ဒန် နိုဝင်ဘာ ၂၀**

မန်ယူနည်းပြ အဲလက်ဖာဂူဆန်သည် ဒိုင်လူကြီးအား ပြစ်တင်ဝေဖန်ပြောဆိုခဲ့၍ နည်းပြခွင့် နှစ်ပွဲအပယ်ခံရမည်ဖြစ်သော်လည်း ပြစ်ဒဏ်များ ယာယီဆိုင်းငံ့ထားသဖြင့် လာမည့် အဲဗာတန်နှင့်ပွဲတွင် နည်းပြဆောင်ရွက်ခွင့်ရှိမည်ဖြစ်ကြောင်း ၎င်းကလပ်က ပြောကြားသည်။

### လွဲချော်မည်

နည်းပြဖာဂူဆန်သည် အောက်တိုဘာလက ဆန်းဒါးလန်းနှင့် တစ်ဖက်နှစ်ဂိုးစီသရေကျခဲ့သောပွဲတွင် ကွင်းလယ်ဒိုင်လူကြီး အလန်ဝီလေအား ဝေဖန်ပြောဆိုခဲ့ခြင်းအတွက် ပွဲပယ်ခံရခြင်း ဖြစ်သည်။ ၎င်းသည် ပို့စ်မောက်နှင့် ကစားမည့်ပွဲ၊ စပါးနှင့်ကစားမည့် ကာလင်းဖလားပွဲတို့တွင် လွဲချော်မည်ဖြစ်ကြောင်း သိရသည်။ **(အင်တာနက်)**

# မန်စီးတီးတိုက်စစ်မှူး ဘယ်လာမီ နှစ်နှစ်အတွင်း ဘောလုံးလောကမှ အနားယူဖွယ်

လန်ဒန် နိုဝင်ဘာ ၂၀

**မိမိသည် ဒဏ်ရာများဆက်တိုက်ရရှိနေသဖြင့် လာမည့်နှစ်နှစ်အတွင်း ဘောလုံးလောကမှအနားယူမည်ဖြစ်ကြောင်း မန်စီးတီးတိုက်စစ်မှူး ဘယ်လာမီကပြောကြားသည်။**

### ဂိုးသွင်းသေချာ

**အသက်၃၀ရှိ ဘယ်လာမီသည် ဒူးခေါင်းဒဏ်ရာ ပြင်းပြင်းထန်ထန်ရရှိထားသဖြင့် ဝေလနှင့်ကစားသည့် နိုင်ငံတကာပွဲများ လွဲချော်ခဲ့ရသည်။ လာမည့်လေးနှစ်သို့မဟုတ် ငါးနှစ်အထိအောင် ဆက်လက်ကစားနိုင်လိမ့်မည် မဟုတ်ကြောင်း၊ နှစ်နှစ်အတွင်းမှာ အနားယူရမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။ တိုက်စစ်မှူး ဘယ်လာမီသည် ယခုနှစ်ဘောလုံးရာသီတွင် မန်စီးတီးအသင်းအတွက် ငါးဂိုးသွင်းယူပေးထားနိုင်ခဲ့သည်။ ဘယ်လာမီသည် မန်စီးတီးအတွက် အဓိကအားထားရပြီး အဆုံးသတ်ဂိုးသွင်းသေချာသော တိုက်စစ်မှူးတစ်ဦးဖြစ်သည်။** (အင်တာနက်)

# အားကစားသတင်း အတိုအထွာ

အာကာဟိန်း စုစည်းသည်

## မန်စီးတီးနှင့်ပွဲအတွက် အသင့်ဖြစ်နေဟု ဂျရတ်ပြောကြား

*ပရီမီယာလိဂ်ပွဲစဉ်အဖြစ် မန်စီးတီးနှင့်ကစားရမည့်ပွဲအတွက် မိမိ အသင့်ဖြစ်နေပြီဖြစ်ကြောင်း လီဗာပူးအသင်းခေါင်းဆောင် ဂျရတ်က နိုဝင်ဘာ ၂၀ရက်၌ ထုတ်ဖော်ပြောကြားသည်။*

## ယခုနှစ်ကုန်အထိ ဟာဒီနန် ဒဏ်ရာကြောင့် ကစားနိုင်ဖွယ်မရှိ

*မန်ယူနောက်ခံလူ ဖာဒီနန်သည် ခြေသလုံးကြွက်သားဒဏ်ရာ မသက်သာမှုကြောင့် ၂၀၀၉ခုနှစ်အကုန်အထိ ဘောလုံးကစားနိုင်မည်မဟုတ်ကြောင်း မန်ယူကလပ်က နိုဝင်ဘာ ၂၀ရက်၌ သတင်းထုတ်ပြန်သည်။*

## စပါးနှင့် ပို့စ်မောက်တို့ ဘင်အာဟအား အပြိုင်ခေါ်ယူနေ

*စပါးနှင့် ပို့စ်မောက်အသင်းတို့သည် လာမည့် ဘောလုံးသမားအပြောင်းအရွှေ့၌ မာဆေးလ်ကွင်းလယ်ကစားသမား ဘင်အာဟအား ခေါ်ယူစာချုပ်ရန် ဆက်သွယ်နေကြောင်း စပါးကလပ်က နိုဝင်ဘာ ၂၀ရက်၌ သတင်းထုတ်ပြန်သည်။*

## ရော်ဘင်ဟို မန်စီးတီးမှထွက်ခွာရန်စီစဉ်

*ဘာစီလိုနာအသင်းနှင့် လွတ်လွတ်လပ်လပ် ဆက်သွယ်ဆွေးနွေးနိုင်ရန် မိမိသည် မန်စီးတီးအသင်းမှထွက်ခွာရန် စီစဉ်နေကြောင်း တိုက်စစ်မှူးရော်ဘင်ဟိုက နိုဝင်ဘာ ၂၀ရက်၌ ထုတ်ဖော်ပြောကြားသည်။*

## ချယ်လ်ဆီးက ဟမ်ဆမ်အား ခေါ်ယူရန်ပြင်ဆင်နေ

*နာပိုလီအသင်း ကွင်းလယ်ကစားသမား ဟမ်ဆမ်အား ပေါင် ၂၅သန်းပေး၍ ခေါ်ယူရန်ပြင်ဆင်နေကြောင်း ချယ်လ်ဆီးက နိုဝင်ဘာ၂၀ရက်၌ သတင်းထုတ်ပြန်သည်။*

## အယ်လ်အေဂလက်ဆီမှ ဘက်ခမ်းမထွက်ခွာလိုဟုဆို

*လာမည့် ဇန်နဝါရီလတွင် အေစီမီလန်သို့ အငှားသွားရောက် ကစားရမည်ဖြစ်သော်လည်း အယ်လ်အေဂလက်ဆီမှ ထွက်ခွာရန် မစဉ်းစားသေးကြောင်း ကွင်းလယ်ကစားသမား ဒေးဗစ်ဘက်ခမ်းက ပြောကြားသည်။*

## လူတန်မှ ဒေးဗစ်မိုလီအား လီဗာပူးစာချုပ်ခေါ်ယူမည်

*လူတန်အသင်းတွင် ခြေစွမ်းပြနေသော အသက် ၁၄နှစ်အရွယ် ဒေးဗစ်မိုလီအား လီဗာပူးက ခေါ်ယူစာချုပ်မည်ဖြစ်ကြောင်း နိုဝင်ဘာ၂၀ရက်၌ သတင်းထုတ်ပြန်သည်။*

## ချယ်လ်ဆီး ပွဲတိုင်းအနိုင်ကစားလိုသော စိတ်ဓာတ်ရှိနေ

*ချယ်လ်ဆီးသည် ယခုနှစ်၌ မည်သည့်အသင်းကိုမဆို အနိုင်ကစားလိုသော စိတ်ဓာတ်ပြင်းပြနေကြောင်း ကွင်းလယ်ကစားသမား လမ်းပတ်က နိုဝင်ဘာ ၂၀ရက်၌ ပြောကြားသည်။*

# ပြင်သစ်နှင့် ပြန်လည်ကစားခွင့်ရရန် ဖီဖာအား အိုင်ယာလန်တောင်းဆို

**လန်ဒန် နိုဝင်ဘာ ၂၀**

၂၀၁၀ကမ္ဘာ့ဖလား ရှုံးထွက်ခြေစစ်ပွဲအဖြစ် အိုင်ယာလန်နှင့် ပြင်သစ်တို့ ယှဉ်ပြိုင်ကစားခဲ့ကြရာ ပြင်သစ်အတွက် ဂိုးကို တိုက်စစ်မှူးအွန်နရီက လက်ဖြင့်ပုတ်၍ ပေးရာမှတစ်ဆင့် ဂါးလက်စ်က သွင်းယူခဲ့သည်။ ယင်းသို့ သွင်းယူခဲ့သည့်အတွက် ပြန်လည်ကစားခွင့်ပေးသင့်ကြောင်း အိုင်ယာလန်ဘောလုံးအဖွဲ့ချုပ်က ဖီဖာသို့ တောင်းဆိုလိုက်သည်။ သို့သော် မဖြစ်နိုင်ကြောင်း ဖီဖာက တုံ့ပြန်သည်။ **(အင်တာနက်)**

# ပြိုင်ဘက်မန်စီးတီးအား လီဗာပူးအနိုင်ကစားမည်

လန်ဒန် နိုဝင်ဘာ ၂၀

**မိမိတို့လီဗာပူးအသင်းသည် အိမ်ကွင်း၌ မန်စီးတီးအသင်းကို အနိုင်ကစားသွားရမည် ဖြစ်ကြောင်း အီမီလန်နီအင်ဆူယာက ကစားဖော်များအား တိုက်တွန်းလိုက်သည်။**

### ပြင်ဆင်လေ့ကျင့်

**လီဗာပူးအသင်းသည် နိုဝင်ဘာ၂၁ရက် (ယနေ့) တွင် အိမ်ကွင်း၌ မန်စီးတီးအသင်းနှင့် ပရီမီယာလိဂ်ပွဲစဉ်(၁၃)အဖြစ် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ လီဗာပူးအသင်းအနေဖြင့် ပရီမီယာလိဂ်ထိပ်သီးအသင်းလေးသင်းဖြစ်လာရန်နှင့် ချန်ပီယံလိဂ်တွင် ဒီဘာရီစင်ကို အနိုင်ကစားရမည်ဖြစ်ကြောင်း လီဗာပူးနောက်တန်းကစားသမား အင်ဆူယာက ပြောကြားသည်။ အိမ်ကွင်းတွင် လီဗာပူးအသင်းအနိုင်ရရှိစေရမည်ဖြစ်ကြောင်း၊ အကောင်းဆုံး ပြင်ဆင်လေ့ကျင့်ထားကြောင်း အင်ဆူယာက ဆက်လက်ပြောကြားသည်။** (အင်တာနက်)

# ကမ္ဘာ့တင်းနစ်ချန်ပီယံများပြိုင်ပွဲ လန်ဒန်မြို့၌ ကျင်းပမည်

**လန်ဒန် နိုဝင်ဘာ ၂၀**

အေတီပီ ကမ္ဘာ့တင်းနစ်ချန်ပီယံများပြိုင်ပွဲကို နိုဝင်ဘာ ၂၂ရက်တွင် လန်ဒန်မြို့၌ ယှဉ်ပြိုင်ကစားမည်ဖြစ်ရာ အင်ဒီမာရေးက အဖွင့်ပွဲအဖြစ် ယူအက်စ်အိုးပင်း ချန်ပီယံ မာတင်ဒယ်ပိုထရိုနှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။

### ပါဝင်ယှဉ်ပြိုင်ကြမည်

ဗြိတိသျှနံပါတ်တစ် တင်းနစ်ကစားသမား အင်ဒီမာရေးသည် အဆိုပါပြိုင်ပွဲ (က)အုပ်စုတွင် ပါဝင်သည်။ ၎င်းအုပ်စုတွင် အာဂျင်တီးနား တင်းနစ်ကစားသမား ဒယ်ပိုထရို၊ စပိန်မှ ဗာဒက်စကိုနှင့် ဆွစ်ဇာလန်တင်းနစ်ကစားသမား ရော်ဂျာဖက်ဒဲယားတို့ ပါဝင်ယှဉ်ပြိုင်ကြသည်။ (ခ)အုပ်စုတွင် ကမ္ဘာ့နံပါတ်နှစ် ရာဖေးလ်နာဒယ်၊ ရိုဘင်ဆိုဒါလင်း၊ ဒီဂျိုကိုဗစ်နှင့် ဒေဗီဒန်ကိုတို့ ပါဝင်ယှဉ်ပြိုင်ကြမည် ဖြစ်သည်။

**(အင်တာနက်)**

**မြင့်မောင်စိုး - စုစည်းရေးသားသည်**

# ဗြိတိသျှလက်ဝှေ့ကျော် အမီယာခမ်း ဖိလစ်ပိုင်လက်ဝှေ့သမားအား စိန်ခေါ်

**လန်ဒန် နိုဝင်ဘာ ၂၀**

ကမ္ဘာ့ချန်ပီယံခါးပတ်ငါးခုရ ဖိလစ်ပိုင်လက်ဝှေ့သမား ပက်ကွိုင်အောနှင့် ယှဉ်ပြိုင်ထိုးသတ်သွားလိုကြောင်း ဒဗလျူဘီအေ လိုက်ဝယ်တာဝိတ်တန်းချန်ပီယံ အမီယာခမ်း**(ယာပုံ)**က စိန်ခေါ်လိုက်သည်။

### စီစဉ်ထား

ဖိလစ်ပိုင်လက်ဝှေ့သမားပက်ကွိုင်အောသည် လက်စ်ဗီးဂတ်စ်မြို့၌ ပွာတိုရီကိုလက်ဝှေ့သမား မီဂဲလ်ကော့တိုနှင့် မကြာမီကထိုးသတ်ခဲ့ပြီး ဒဗလျူဘီအို ဝယ်တာဝိတ်တန်း ချန်ပီယံခါးပတ်ကို ရယူထားသူဖြစ်သည်။ အသက် ၂၂နှစ်ရှိ ဗြိတိသျှလက်ဝှေ့သမားခမ်းသည် ဒီဇင်ဘာ ၅ရက်တွင် ယူကရိန်းလက်ဝှေ့သမား ဒီမစ်ထရီ ဆာလီတာနှင့် ထိုးသတ်ပြီး ပထမဆုံး ဒဗလျူဘီအေ ချန်ပီယံခါးပတ် ကာကွယ်ပွဲအဖြစ် ထိုးသတ်ရန် စီစဉ်ထားသူဖြစ်သည်။ **(အင်တာနက်)**





# ရေကြည်မြို့နယ်၌ မိုးစပါးစံကွက်ရိတ်သိမ်း

*ကျောင်းကုန်း နိုဝင်ဘာ ၂၀*

*ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန(ရုံးချုပ်) နေပြည်တော်မှ ညွှန်ကြားရေးမှူး ဦးနိုင်ဝင်းသည် နိုဝင်ဘာ ၁၅ရက်က ဧရာဝတီတိုင်း မြေစာရင်းဦးစီးဌာနမှူး ဦးအောင်တင်မြင့် လိုက်ပါ၍ မအူပင်၊ ဟင်္သာတ၊ ပုသိမ်ခရိုင်များရှိ မြို့နယ်များသို့ ကွင်းဆင်း၍ မအူပင်ခရိုင်၊ ဟင်္သာတခရိုင်၊ ပုသိမ်ခရိုင်ရှိ ခရိုင်/မြို့နယ် မြေစာရင်းဦးစီးဌာနမှ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ ရုံးဌာနလုပ်ငန်းဆိုင်ရာများကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များကို ဥပဒေ ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ကြရန်နှင့် ရုံးလုပ်ငန်းများကို ကြိုးစားဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားသည်။*

*ဆက်လက်၍ ညွှန်ကြားရေးမှူးသည် တိုင်းမြေစာရင်းဦးစီးဌာနမှူး ဦးအောင်တင်မြင့်နှင့်အတူ မိုးစပါး စံကွက်ရိတ်သိမ်းခြင်းများကို ခရိုင်သုံးခရိုင်ရှိ မြို့နယ်များတွင် ရိတ်သိမ်းကြရာ ၎င်းတို့အနက် ပုသိမ်ခရိုင် ရေကြည် မြို့နယ် ကိုင်းငူအုပ်စု ကွင်းအမှတ် ၉၈၂ ဦးပိုင်အမှတ်၂၄(က) တောင်သူဦးချစ်မောင်၏ မနောသုခစပါးမျိုး လယ်မြေတွင် မိုးစပါးစံကွက်များ ရိတ်သိမ်းကြသည်။* ***(အောက်ပုံ)*** *(၁၅၄)*

မောင်အောင်အောင်မော် (ဗွမ်းဝိုး)

B.C.Sc (Hons:), M.C.Sc

မွေးနေ့ဆုမွန်

ဖေဖေ-မေမေတို့ရဲ့ တစ်ဦးတည်းသော သမီးလေး ဗွမ်းဝိုး၏ (၂၁-၁၁-၂၀၀၉)ရက်တွင် ကျရောက်သော မွေးနေ့မှသည် အသက်ရာကျော် ရှည်၍ ထူးချွန်ထက်မြက်ပြီး တက်သိလိမ္မာသော သမီးရတနာလေးအဖြစ် ဖေဖေ-မေမေတို့ရဲ့ မေတ္တာရိပ်မှာ ထာဝရကြည်နူးပျော်ရွှင်နိုင်ပါစေ ....

ဖေဖေ - ဦးတင်အေး (အကောက်ခွန်ဝန်ဆောင်မှုအသင်း)

မေမေ - ဒေါ်အေးအေးသွင်။


## နေပြည်တော် မြန်မာ့အသံ

**(တနင်္ဂနွေနေ့-နံနက်+နေ့လယ်+ည)**

**(၂၂-၁၁-၂၀၀၉)**

၇:၀၀ အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ကြေညာချက်
၇:၀၅ တရားတော် **(ရတနသုတ်)** ဓမ္မပူဇာတေးပဒေသာ
၇:၃၀ (၃၈)ဖြာမင်္ဂလာ
၇:၃၅ နံနက်ခင်းတေးပဒေသာ
၈:၀၀ စံတော်ချိန် + သတင်းဆောင်းပါး
၈:၁၀ နံနက်ခင်းတေးပဒေသာ
၉:၃၀ ဘဝအသွင်ကဗျာ့အမြင် (မုဒိတာ) တေးပဒေသာ
၉:၄၅ ဘဝတစ်ကွေ့အတွေ့အကြုံ (ထိပ်ဆုံးကအမေ)
၁၀:၀၀ မင်္ဂလာလက်ဆောင်
၁၀:၂၅ သန့်စွမ်းကျန်းမာကိုယ်ခန္ဓာ (လေ့ကျင့်ခန်းလုပ်ပါ)
၁၀:၃၀ သတင်းစာအာဘော်
၁၀:၄၀ တေးစီးရီး (ကိုး-အငဲ)
၁၁:၀၀ နေ့လယ်ခင်းသတင်း
၁၁:၁၀ ဆိုကြပျော်ရွှင်တေးသံစဉ် (၄၆)
၁၂:၀၀ စံတော်ချိန် ကလေးအစီအစဉ် (ကလေးများအတွက် တေးသီချင်းများ)
၁၂:၁၅ နေ့လယ်ခင်းတေးပဒေသာ
၁၂:၃၀ စာအုပ်စာပေ လူ့မိတ်ဆွေ-
၁။ မြန်မာနှင့်ကမ္ဘာ နေ့ထူး နေ့မြတ်များဆိုင်ရာ ပြိုင်ပွဲဝင် ကဗျာများ (ဦးဝမ်ထိန်)
၂။ သံတူကြောင်းကွဲစကားလုံး များနှင့် အသုံးအနှုန်းအဘိဓာန် ဒုတိယတွဲ (ဦးသိန်းလွင်)
၁၂:၅၀ နေ့လယ်ခင်းတေးပဒေသာ
၁၃:၀၀ မွန်းလွဲပိုင်းသတင်း
၁၃:၁၀ သိလိုသမျှမေး ကျန်းမာရေး(၅)
၁၃:၂၀ တေးပဒေသာ
၁၃:၃၀ အစီအစဉ်ပြီး၏။
၁၆:၀၀ အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ
၁၆:၂၀ ဆောင်းပါး
၁၆:၃၀ သောတရှင်လိုရာတေး
၁၇:၀၀ မြတ်နိုးစရာ ကျေးရွာတေးကဗျာ
၁၇:၂၅ သတင်းစာဆောင်းပါး
၁၇:၃၀ ညနေခင်းတေးပဒေသာ
၁၈:၀၀ ညနေခင်းသတင်း
၁၈:၁၀ တေးချစ်သူရွေးသီတေးပန်းချီ
၁၈:၃၀ သုတစုံကြွယ်သိစေဖွယ် (စကားလုံးများရဲ့စွမ်းအား)
၁၈:၄၅ တေးပဒေသာ
၁၉:၀၀ နိုင်ငံတကာသတင်း
၁၉:၁၀ Talk on Line (မာရှယ်) နိုင်ငံရေးဦးတည်ချက်
၁၉:၃၀ တေးပဒေသာ
၂၀:၀၀ ပြည်တွင်းသတင်း
၂၀:၂၀ ဖျော်ဖြေသီကြွေးသူ့အလှည့်တေး (ယုဇန) စီးပွားရေးဦးတည်ချက်
၂၀:၄၀ လယ်ယာစီးပွား (မြေပဲစိုက်ပါ တို့ကျေးရွာ)
၂၀:၅၀ ရင်တွင်းခံစားတေးသီချင်းများ (ဒေါ်ငွေငွေ) လူမှုရေးဦးတည်ချက်
၂၁:၀၀ ခံစားနားဆင် မြန်မာတေးသံစဉ်
၂၁:၂၀ ညချမ်းချိန်ခါတေးပဒေသာ
၂၁:၃၀ ခေတ်မရွေးသောတေး
၂၂:၀၀ အစီအစဉ်ပြီး၏။

သင်...စိတ်ဖိစီးမှုဒဏ် ခံစားနေရပါသလား...?

ENERVON-C

အင်နာဗွန် - စီ

Golden Brothers Travels

(Special Promotion Trip)

100000

Hilux CNG

78 Model 4 Door

Familia Van

တိုက်ခန်းရောင်းမည်

၂၅ ပေ × ပေ၆၀ သုံးလွှာ(Hall)

ကျိုက္ကဆံလမ်းမပေါ် ရေမီးကိုယ်ပိုင်

တာမွေဈေး၊ ကားဂိတ်နှင့်နီးသည် - ကျပ် သိန်း ၂၉၀

ဖုန်း-၂၀၅၁၃၁၊ ၀၉-၅၁-၅၇၆၉၈။

## ဂန္ထဝင်ရွှေပုဂံ အပြည်ပြည်ဆိုင်ရာ ခရီးသွားကုမ္ပဏီ

| | |
|---|---|
| ဗုဒ္ဓဂယာ/ဗုဒ္ဓဂယာ+ နယူးဒေလီ | Dec 14 |
| ဗန်ကောက်၊ အယုဒ္ဓယ၊ ပတ္တရား | Dec 24, 25 |
| ထိုင်း၊ ဗီယက်နမ်၊ ကမ္ဘောဒီးယား | Dec 24 |
| ထိုင်း၊ စင်ကာပူ၊ မလေးရှား/စင်ကာပူ-မလေးရှား | Dec 24, 26 |
| ကွမ်ကျိုး၊ ဟောင်ကောင်၊ မကာအို | Dec 23 |
| ကိုရီးယား(ဆိုးလ်၊ ဂျေဂျူးကျွန်း) | Dec 24 |
| ဂျပန်(တိုကျို၊ ယိုကိုဟားမား၊ အိုဆာကာ) | Dec 25 |
| ဥရောပ(ပြင်သစ်၊ ဂျာမနီ၊ အီတလီ၊ ဆွစ်ဇာလန်) | Jan 20 |

ရန်ကုန်ရုံးချုပ်၊ (၁၀)မင်္ဂလာလမ်း၊ စမ်းချောင်း၊ မန္တလေးရုံးခွဲ (၈၇)၊ ၇၃လမ်း။

ဖုန်း-၅၁၀၄၉၁၊ ၅၀၅၇၂၃၊ ၅၃၅၅၈၂၊ ၂၉×၃၀၊ ဖုန်း-၀၂-၃၂၀၂၀။

၀၉-၅၁-၀၄၈၅၉။

ဒေါ်ယုယုမြင့်

L.C.C.I Level 1,2&3 & MYOB

အင်္ဂလိပ်လိုပြောရအောင်

Y.E.S. International English Language Centre

Since 1994

Basic Spoken English

Pre-Intermediate English

Intermediate English Proficiency

SAT

Structure and Written Expression

Reading Skills Foundation Course

Basic Writing Course

Issues in Writing Course

Academic Writing Course

Academic Preparation for IELTS

TOEFL

243950

EAC

ဦးနှင်းဦး(ထားဝယ်)၊ ဦးထိန်နန်းမြင့်(Geol)

ဦးစီးသော

ထိပ်တန်း ရွှေကုက္ကို

အခြေခံစက်ပြင် ယာဉ်မောင်းသင်တန်း

အမျိုးသမီး ဆရာမရှိသည်။

ဦးအောင်မြတ်လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ သိမ်ဖြူယာဉ်မောင်းသင်

လေ့ကျင့်ကွင်း၊ ဗိုလ်မှူးဗထူးလမ်း၊ မြောက်/ဒဂုံ အမောင်းသင်ကွင်း

ဖုန်း-၇၂၂၈၀၂၊ ၅၄၁၈၆၆၊ ၀၉-၈၅-၇၈၁၇၅။

Beauty Land

မိုး

အစဉ်

သတိပြု

## နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုစာရင်းများပေးအပ်ပွဲ

### ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၌ ကျင်းပ

ရန်ကုန် နိုဝင်ဘာ ၂၀

ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူးရုံး၏ နိုင်ငံသား အရည်အချင်းပြည့်မီသူများအား နိုင်ငံသား စိစစ်ရေးကတ်ပြားထုတ်ပေးခြင်းနှင့် ဥပဒေနှင့် ညီညွတ်သူများအား အိမ်ထောင်စုစာရင်းများပေးအပ်ပွဲ အခမ်းအနားကို နိုဝင်ဘာ၁၉ရက် နံနက်၉နာရီက အဆိုပါရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

**ထုတ်ပေး**

အခမ်းအနားတွင် ရန်ကုန်အရှေ့ပိုင်းခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ခရိုင်ဦးစီးဌာနမှူး ဦးရှိန်ဝင်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ဦးစီးဌာနမှူးဦးထွန်းသိန်းက လုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ ခရိုင်ဦးစီးဌာနမှူး ဦးရှိန်ဝင်း **(အပေါ်ပုံ)**၊ ဒုတိယခရိုင်ဦးစီးဌာနမှူး ဦးသောင်းညွန့်၊ မြို့နယ်ဦးစီးဌာနမှူး ဦးထွန်းသိန်း၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးကျော်မိုးနိုင်နှင့် ဌာနဆိုင်ရာမှ တာဝန်ရှိသူများက နိုင်ငံသား အရည်အချင်းပြည့်မီသူများအား နိုင်ငံသား စိစစ်ရေးကတ်ပြား ၄၀၅ ကတ်နှင့် ဥပဒေနှင့်ညီညွတ်သူ အိမ်ထောင်စုများအား အိမ်ထောင်စု လူဦးရေစာရင်း ၁၂၆ စောင်တို့ကို ထုတ်ပေးခဲ့ကြကြောင်း သိရသည်။ (မြို့နယ် ပြန်/ဆက်)

## ကျေးရွာစာကြည့်တိုက်များ ဆောက်လုပ်နေမှု ပြည်နယ်ပြန်/ဆက်ဦးစီးမှူး ကြည့်ရှုစစ်ဆေး

လားရှိုး နိုဝင်ဘာ ၂၀

ရှမ်းပြည်နယ်(မြောက်ပိုင်း) ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်စန်းသည် ပြည်နယ်ရုံးမှ ဒေါ်ဥမ္မာချိုလိုက်ပါလျက် နိုဝင်ဘာ ၆ရက်နှင့် ၇ ရက်က ကွမ်းလုံခရိုင်ရုံး၊ ချင်းရွှေဟော် မြို့နယ်ရုံး၊ လောက်ကိုင်မြို့နယ်ရုံးနှင့် ဟိုပန်မြို့နယ်ရုံးများသို့ သွားရောက်၍ ရုံးလုပ်ငန်းများစစ်ဆေးပြီး ရုံးဝန်ထမ်းများနှင့် တွေ့ဆုံကာ လိုအပ်သည်များ မှာကြားသည်။

**ပြီးစီးမှု**

ထို့နောက် နိုင်ငံတော်မတည်ငွေဖြင့် ကျေးရွာ စာကြည့်တိုက်များ ဆောက်လုပ်လျက်ရှိသော ကွမ်းလုံမြို့နယ်မှ ကုန်းညောင်ကျေးရွာ၊ ချင်းရွှေဟော်မြို့နယ်မှ လုံထန်ကျေးရွာ၊ လောက်ကိုင်မြို့နယ်မှ ပါစင်ကျော်ကျေးရွာ၊ ဟိုပန်မြို့နယ်မှ ကောင်းကော်ကျေးရွာတို့တွင် စာကြည့်တိုက်များ ဆောက်လုပ်ပြီးစီးမှု အခြေနေများကို ကြည့်ရှု စစ်ဆေးခဲ့ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ရန်ကုန်မြို့ အမှတ် ၃၅/ဘီ/၅ ရတနာပုံလမ်း၊ ကြည့်မြင်တိုင်မြို့နယ်နေ ဦးအုန်းခင်-ဒေါ်အမာ၊ သားမောင်ဝင်းဗိုလ်၊ မောင်ခင်ဇော်၊ သမီးမမြတ်မူ မိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံသို့ ထာဝရဆွမ်း၊ ဆေး၊ ငွေပဒေသာပင်နှင့် မျက်စိအတွင်းထည့်သည့် မှန်ဘီလူး တို့အတွက် အလှူငွေ ကျပ်ငါးသိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဦးသိန်းအောင် လက်ခံယူစဉ်။ (သတင်းစဉ်)

ရှမ်းပြည်နယ် (အရှေ့ပိုင်း) ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင်နှင့်အဖွဲ့ နိုဝင်ဘာ ၇ ရက်က တာချီလိတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်လျက်ရှိသော ဟောင်လိတ်ရပ်ကွက် ရွှေတောင်တန်းလမ်း ကတ္တရာခင်းခြင်းလုပ်ငန်းအား အငယ်တန်း အင်ဂျင်နီယာ(၂) ဦးလှမျိုး ဦးဆောင်သော အဖွဲ့ဝန်ထမ်းများ ဆောင်ရွက်နေမှုကို သွားရောက်ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးကျော်သူနှင့် အင်ဂျင်နီယာမှူး ဦးစိုင်းလောဝ်ခမ်းတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

သန်လျင်မြို့ အမှတ်(၄)အခြေခံပညာ အထက်တန်းကျောင်း၏ ၂၀၀၈-၂၀၀၉ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို နိုဝင်ဘာ ၇ရက်က ကျင်းပရာ တက္ကသိုလ်ဝင်တန်းခြောက်ဘာသာဂုဏ်ထူးရှင် မအင်ကြင်းခန့်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်စန်းမြင့်က ဂုဏ်ပြုဆု ချီးမြှင့်စဉ်။ (ခရိုင် ပြန်/ဆက်)



ရွှေဘိုမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်လျက်ရှိသည့် မဟာဗန္ဓုလလမ်း အရှည်ပေ ၃၃၀၀၊ အကျယ် ၁၄ ပေ ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးနီထွန်းနှင့် လက်ထောက်အင်ဂျင်နီယာ ဦးအောင်မြင့်သန်းတို့ ကွင်းဆင်းကြီးကြပ်စဉ်။ (မြို့နယ်စည်ပင်)

## ဖျာပုံမြို့နယ် အရဏ်ဦးကျေးရွာစာကြည့်တိုက် ပန္နက်တင်မင်္ဂလာ အခမ်းအနား ကျင်းပ

ဖျာပုံ နိုဝင်ဘာ ၁၅

ဧရာဝတီတိုင်း ဖျာပုံခရိုင် ဖျာပုံမြို့နယ် သလိပ်ကြီးကျေးရွာအုပ်စု သလိပ်ကလေး ကျေးရွာတွင် နိုင်ငံတော်ခွင့်ပြုငွေဖြင့် ဆောက်လုပ်မည့် အရဏ်ဦးကျေးရွာစာကြည့်တိုက် ပန္နက်တင်မင်္ဂလာအခမ်းအနားကို အောက်တိုဘာ ၃၀ရက် နံနက် ၈နာရီက စာကြည့်တိုက် ဆောက်လုပ်မည့် မြေနေရာ၌ ကျင်းပသည်။

**ပန္နက်တင်**

မင်္ဂလာအခမ်းအနားတွင် ဧရာဝတီတိုင်း ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေးဦးစီးဌာန တိုင်းလက်ထောက်ညွှန်ကြားရေးမှူးဦးငွေထွန်း၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးကျော်တင်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးမြတ်သူနှင့် ကျေးရွာဥက္ကဋ္ဌ ဦးမောင်နိုင်တို့က ပန္နက်တင်ပေးကြသည်။ **(အပေါ်ပုံ)**

**ဆွေးနွေး**

ထို့နောက် ကျေးရွာစာကြည့်တိုက် ဆောက်လုပ်ရေးလုပ်ငန်း သတ်မှတ်ရက် အောင် မြင်စွာပြီးစီးရေး၊ စာကြည့်တိုက်လုပ်ငန်း အောင်မြင်ရှင်သန်ရေးတို့ကို တိုင်းပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး၊ မြို့နယ်ဥက္ကဋ္ဌနှင့် ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိတို့က ဆွေးနွေးကြသည်။

**(ခရိုင် ပြန်/ဆက်)**

(၈၉)နှစ်မြောက် အမျိုးသားနေ့ကို ဂုဏ်ပြုသောအားဖြင့် သီပေါမြို့ အခြေခံ ပညာအထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်းများ အဆောက်အအုံနှင့် သင်ထောက်ကူပစ္စည်းများအတွက် ရန်ကုန်မြို့နေ ဦးကျော်မြင့်-ဒေါ်ခင်ခင်ကျော် (ဦးထုံရွှေဆိုင်)မိသားစုက အလှူငွေကျပ်သိန်း ၁၇၀ကို နိုဝင်ဘာ ၁၁ရက်က အထက ခန်းမဆောင်၌ ပေးအပ်လှူဒါန်းရာ မြို့နယ်ပညာရေးကော်မတီဥက္ကဋ္ဌ သီပေါမြို့နယ် ဥက္ကဋ္ဌဦးခင်ကြည်က ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (ဝ၂ဝ)

## အမျိုးသားနေ့ အခမ်းအနား မြိတ်မြို့နယ်၌ကျင်းပ

မြိတ် နိုဝင်ဘာ ၁၅

(၈၉)နှစ်မြောက် အမျိုးသားနေ့ အထိမ်းအမှတ် အခမ်းအနားကို နိုဝင်ဘာ ၁၁ရက် နံနက် ၈နာရီက မြိတ်မြို့ ပညာ့ဗိမာန်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ အထက(၂) ကျောင်းသားကျောင်းသူများက ပြည်မြန်မာသီချင်းသီဆို၍ အခမ်းအနားကို ဖွင့်လှစ်သည်။ ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သော (၈၉)နှစ်မြောက် အမျိုးသားနေ့သဝဏ်လွှာကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးကျော်ရွှေက ဖတ်ကြားသည်။

ဆက်လက်၍ အမျိုးသားနေ့ အထိမ်းအမှတ် စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲဆုရ ကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြသည်။

**(ခရိုင် ပြန်/ဆက်)**



## အမျိုးသားနေ့ အခမ်းအနား မိတ္ထီလာ အထက(၁)၌ ကျင်းပ

မိတ္ထီလာ နိုဝင်ဘာ ၁၈

(၈၉)နှစ်မြောက် အမျိုးသားနေ့အထိမ်းအမှတ်အခမ်းအနားကို နိုဝင်ဘာ ၁၁ရက် နံနက် ၉နာရီက မိတ္ထီလာမြို့ အထက(၁)၌ ကျင်းပသည်။

အခမ်းအနားတွင် (၈၉)နှစ်မြောက် အမျိုးသားနေ့အထိမ်းအမှတ် သဝဏ်လွှာကို ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိန်အုပ်က ဖတ်ကြားတင်ပြပြီး အမျိုးသားနေ့အထိမ်းအမှတ် စာပေပြိုင်ပွဲတွင် ဆုရရှိသော ကျောင်းသား ကျောင်းသူများအား ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိန်အုပ်နှင့် တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်သည်။

အခမ်းအနားသို့ ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိန်အုပ်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူးဦးကျော်ဆွေ၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးဘိုလှရီ၊ ခရိုင်ပညာရေးမှူး ဦးထွန်းရီ၊ ခရိုင်နှင့်မြို့နယ် အဆင့်တာဝန်ရှိသူများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

**(ခရိုင် ပြန်/ဆက်)**

### ကျေးလက်တံတားဆောင်ရွက်

ကြံခင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်သည့် ဆိပ်သာ ကျေးရွာကျေးလက်တံတား ဆောင်ရွက်ပြီးစီးမှုလုပ်ငန်းကို တာဝန်ခံအင်ဂျင်နီယာ ဦးစောဟားနေနှင့် အမှုဆောင်အရာရှိ ဦးအောင်သက်ရှည်တို့ ကွင်းဆင်းကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

တားဝယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အတွင်း အဖွဲ့ရန်ပုံငွေဖြင့် ဆောင်ရွက်သည့် ဆိပ်ကမ်းသာလမ်း မြောင်းပုလဲ သစ်သားတံတား တည်ဆောက်ခြင်းကို တနင်္သာရီတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးလှမျိုးနှင့်အဖွဲ့ အောက်တိုဘာ၂ရက်က ကွင်းဆင်း စစ်ဆေးရာ အမှုဆောင်အရာရှိ ဦးအောင်ကျော်စိုးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးညွှန့်လှိုင်တို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

မြန်အောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ် နိုင်ငံတော်ထောက်ပံ့ငွေနှင့် ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် အဖွဲ့ရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် မမြချောင်းကူး(သဲဖြူ)တံတား (၁၅၂×၁၂)ပေ တည်ဆောက်ခြင်းလုပ်ငန်းပြီးစီးမှု အခြေအနေကို အောက်တိုဘာ ၁၈ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးအေးကြူနှင့် အမှုဆောင်အရာရှိ ဦးတင့်လွင်ဦးတို့ ကွင်းဆင်းစစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာ ဦးစန်းမြင့်ဝင်းနှင့် လုပ်ငန်းခွင် အင်ဂျင်နီယာဦးရဲစိုးတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

## မြင်းမူ၌ စာဆိုတော်နေ့အကြို စာပေဟောပြော

မြင်းမူ နိုဝင်ဘာ ၁၃

၁၃၇၁ခုနှစ် စာဆိုတော်နေ့ အကြိုစာပေဟောပြောပွဲများကို မြင်းမူမြို့နယ်၌ ကျင်းပရာ အောက်တိုဘာ၂၀ရက် ည ၇နာရီက မြင်းမူမြို့ ရွှေမဟာသီရိခန်းမ၌ စာရေးဆရာချစ်နိုင် (စိတ်ပညာ)၊ ချစ်ဦးညိုနှင့် ကောင်းသန့်တို့က စာပေရေးရာများကို ဟောပြောခဲ့ကြသည်။

**ဟောပြော**

ဟောပြောပွဲတွင် ကောင်းသန့်က စာဖတ်ပါတွေးပါ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ချစ်နိုင်(စိတ်ပညာ)က ဘာဖြစ်ချင်သလဲဖြစ်ရမယ် ခေါင်းစဉ်ဖြင့် လူငယ်ဆိုင်ရာ စိတ်ခွန်အားပြုစာပေရေးရာတို့ကိုလည်းကောင်း၊ ချစ်ဦးညိုက မြို့မငြိမ်းနှင့် ဂလိုဘယ် လိုက်ဖေးရှင်း ခေါင်းစဉ်ဖြင့်လည်းကောင်း ဟောပြောကြသည်။

အဆိုပါ စာရေးဆရာအဖွဲ့သည် အောက်တိုဘာ၂၂ရက် မွန်းတည့်၁၂နာရီတွင် မြင်းမူမြို့နယ် လက်ပန်ကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်း၌ စာပေရေးရာများကို ဟောပြောကြရာ ကျေးရွာစာကြည့်တိုက်ကော်မတီဝင်များနှင့် စာပေဝါသနာရှင်လူငယ်များ တက်ရောက်ကြသည်။

**(မြို့နယ် ပြန်/ဆက်)**


## ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) ရန်ကုန်အဝေးသင်တက္ကသိုလ်

## e-Education Learning Centre

သင်ခန်းစာထုတ်လွှင့်မည့်အစီအစဉ်

(တနင်္လာမှသောကြာ) နံနက် ၈ နာရီမှ ၁၀ နာရီအထိ

(စနေ၊ တနင်္ဂနွေ) နံနက် ၈ နာရီမှ မွန်းလွဲ ၁၂ နာရီခွဲအထိ

၂၃-၁၁-၂၀၀၉ (တနင်္လာနေ့)

☐ Developing Writing Skills
- တက္ကသိုလ်၊ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာပို့ချလျက်ရှိသော ဆရာ ဆရာမများ

☐ Integrated Skills
- တက္ကသိုလ်၊ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာပို့ချလျက်ရှိသော ဆရာ ဆရာမများ

၂၄-၁၁-၂၀၀၉(အင်္ဂါနေ့)

☐ Psycholinguistics (3,4,5)
- တက္ကသိုလ်၊ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာပို့ချလျက်ရှိသော ဆရာ ဆရာမများ

☐ Error Analysis (1,2,3)
- တက္ကသိုလ်၊ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာပို့ချလျက်ရှိသော ဆရာ ဆရာမများ

၂၅-၁၁-၂၀၀၉(ဗုဒ္ဓဟူးနေ့)

☐ Asking For and Giving Direction
- တက္ကသိုလ်၊ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာပို့ချလျက်ရှိသော ဆရာ ဆရာမများ

☐ Making Offers and Request I+II
- တက္ကသိုလ်၊ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာပို့ချလျက်ရှိသော ဆရာ ဆရာမများ

☐ Making Suggestions
- တက္ကသိုလ်၊ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာပို့ချလျက်ရှိသော ဆရာ ဆရာမများ

☐ Making Comparison
- တက္ကသိုလ်၊ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာပို့ချလျက်ရှိသော ဆရာ ဆရာမများ

၂၆-၁၁-၂၀၀၉(ကြာသပတေးနေ့)

☐ Talking About Past Habits
- တက္ကသိုလ်၊ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာပို့ချလျက်ရှိသော ဆရာ ဆရာမများ

☐ Talking About Future Plans and Intentions
- တက္ကသိုလ်၊ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာပို့ချလျက်ရှိသော ဆရာ ဆရာမများ

၂၇-၁၁-၂၀၀၉(သောကြာနေ့)

☐ Describing Places
- တက္ကသိုလ်၊ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာပို့ချလျက်ရှိသော ဆရာ ဆရာမများ

☐ Talking About Families
- တက္ကသိုလ်၊ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာပို့ချလျက်ရှိသော ဆရာ ဆရာမများ

၂၈-၁၁-၂၀၀၉(စနေနေ့)

☐ History of Psychology
- ပထမနှစ် စိတ်ပညာအထူးပြု ကျောင်းသား ကျောင်းသူများ

☐ Memory I
- ပထမနှစ် စိတ်ပညာအထူးပြု ကျောင်းသား ကျောင်းသူများ

☐ Memory II
- ပထမနှစ် စိတ်ပညာအထူးပြု ကျောင်းသား ကျောင်းသူများ

☐ The Earth and its Movement
- ပထမနှစ် ပထဝီဝင်အထူးပြု ကျောင်းသား ကျောင်းသူများ

☐ Condensation
- ပထမနှစ် ပထဝီဝင်အထူးပြု ကျောင်းသား ကျောင်းသူများ

☐ The Global Ocean
- ပထမနှစ် ပထဝီဝင်အထူးပြု ကျောင်းသား ကျောင်းသူများ

☐ Landform Classification
- ပထမနှစ် ပထဝီဝင်အထူးပြု ကျောင်းသား ကျောင်းသူများ

၂၉-၁၁-၂၀၀၉(တနင်္ဂနွေနေ့)

☐ Health Care and Health Services
- ဒုတိယနှစ် အိမ်တွင်းစီးပွားအထူးပြု ကျောင်းသား ကျောင်းသူများ

☐ The Family
- ဒုတိယနှစ် အိမ်တွင်းစီးပွားအထူးပြု ကျောင်းသား ကျောင်းသူများ

☐ Nutrition
- ဒုတိယနှစ် အိမ်တွင်းစီးပွားအထူးပြု ကျောင်းသား ကျောင်းသူများ

☐ Keynesian Policy Applied to the Economy
- ဒုတိယနှစ် ပြည်သူ့ရေးရာအထူးပြု ကျောင်းသား ကျောင်းသူများ

☐ Management Science in Decision Making
- ဒုတိယနှစ် စီးပွားစီမံအထူးပြု ကျောင်းသား ကျောင်းသူများ

☐ Nature of Management
- ဒုတိယနှစ် စီးပွားစီမံအထူးပြု ကျောင်းသား ကျောင်းသူများ

☐ Income & Expenditure A/C
- ဒုတိယနှစ် စီးပွားစီမံအထူးပြု ကျောင်းသား ကျောင်းသူများ

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

## ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

* VOA, BBC - ရန်တိုက်ပေးနေသည်။
* RFA, DVB - သွေးထိုးနေသည်။
* ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံများ။
* နားမယောင်လေနဲ့ သတိထား။

# ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် လာအိုနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီးအား လက်ခံတွေ့ဆုံ

နေပြည်တော် နိုဝင်ဘာ ၂၀

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်သို့ ရောက်ရှိနေသော လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာထောင်လွန်းဆီဆုလစ် ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၈နာရီခွဲတွင် နေပြည်တော်ရှိ အစိုးရအဖွဲ့ရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ *စာမျက်နှာ ၃ ကော်လံ ၁* ■

**မြန်မာ့အလင်း သတင်းအညွှန်း**

ပခုက္ကူ-ကျွန်းချောင်း ရထားလမ်းပိုင်း ဖွင့်ပွဲသတင်းကို စာမျက်နှာ (၈)တွင် ဖတ်ရှုနိုင်ပါသည်။

**တိမ် အသင့်အတင့်**

နေပြည်တော်နှင့် အနီး တစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာထောင်လွန်းဆီဆုလစ် ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ အစိုးရအဖွဲ့ရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)